# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကြောင်းသုံးပါးဖြင့် နတ်ပြည်ရောက်**

မှန်သောစကားကို ပြောဆိုရာ၏။ အမျက်မထွက်ရာ။ တောင်းလာသည်ရှိသော် အနည်းငယ်မျှကိုသော်လည်း ပေးလှူရာ၏။ ဤအကြောင်းသုံးပါးတို့ဖြင့် နတ်ပြည်သို့ ရောက်ရ၏။ ကောဓဝဂ်(ဓမ္မပဒ-၂၂၄)


၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက် | ၂၀၂၄ ခုနှစ်၊ မေ ၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၁၈၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။


၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H. E. Mr. Deng Xijun အား လက်ခံတွေ့ဆုံ

**နယ်စပ်ဒေသနှင့် ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်မှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေး**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H. E. Mr. Deng Xijun အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

နေပြည်တော် မေ ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Deng Xijun အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❑



**ယနေ့** *ဖတ် စ ရာ*



**ဂါဇာကမ်းမြောင်ဒေသမှ ကလေးများအတွက် သီရိလင်္ကာနိုင်ငံက အမေရိကန်ဒေါ်လာ တစ်သန်းကျော် လှူဒါန်း**

နိုင်ငံတကာသတင်း | စာ ၁၃



**တာဝန်သိခရီးသွားဖော်ဆောင်ခြင်းဖြင့် နိုင်ငံခြားသားခရီးသွားများ ကြီးကြပ်စောင့်ရှောက်ရေး**

ဆောင်းပါး | စာ ၁၆

မြန်မာ့အလင်း

# နွေအတွက် ရေမခက်စေရေး

နွေရာသီနေ့အပူချိန်များ မြင့်သည်ထက်မြင့်လာသည်နှင့်အမျှ သောက်ရေသုံးရေအတွက် အခက်အခဲတွေ့ရသည့်နေရာများတွင် ရေလှူဒါန်းကြရသည့်သတင်းများကို ပို၍တွေ့လာရသည်။ ရေရှားပါးသည့် နေရာဒေသများဟုဆိုလျှင် အများအားဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းရှိ မိုးနည်းရပ်ဝန်းဒေသကြီးကို မြင်ယောင်လေ့ရှိသော်လည်း ယခုအခါ နွေရာသီရောက်တိုင်း ရေအခက်အခဲ တွေ့ကြရသည့်ဒေသများတွင် ရှမ်းကုန်းပြင်မြင့်ဒေသ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် ကမ်းရိုးတန်းဒေသများကဲ့သို့သော ဒေသများမှ မြို့ရွာရပ်ကွက်များပါဝင်လျက်ရှိသည်ကိုလည်း တွေ့ရှိနိုင်သည်။ သို့ဖြစ်ရာ သာမန်အားဖြင့် ရေအရင်းအမြစ် ပေါများသည်ဟုဆိုသည့် မိမိတို့နိုင်ငံတွင် သောက်သုံးရေသည် နေရာတိုင်း၊ အချိန်တိုင်း ပေါများစွာရရှိနိုင်ခြင်းမရှိဘဲ ရာသီ အလိုက် ရှားပါးပြတ်လပ်လေ့ရှိရာ ရေချိုအရင်းအမြစ်များ မပျက်မစီးအောင် ထိန်းသိမ်းရန်နှင့် ကောင်းမွန်ပြည့်စုံသည့် ရေစီမံခန့်ခွဲမှု အလေ့အကျင့်ကောင်းများကို ကျင့်သုံးရန် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ကျေးရွာများ၌ နွေရာသီရေရှားပါးမှုများ ဖြစ်ပေါ်လာပါက ဆက်သွယ်သတင်းပေးပို့နိုင်ရန် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အသိပေးထားရာ ခေတ်မီဆက်သွယ်ရေးနည်းပညာများကို အသုံးပြု၍ လျင်လျင်မြန်မြန် တုံ့ပြန်ဆောင်ရွက်နိုင်မည်ဖြစ်သည်ကို တွေ့ရသည်။ ရေအကျပ်အတည်းသည် ကမ္ဘာလုံးဆိုင်ရာ အရေးကြီးဆုံးစိန်ခေါ်မှုများထဲမှ တစ်ခုဖြစ်ပြီး ကုလသမဂ္ဂ၏အဆိုအရ လူဦးရေ နှစ်ဘီလီယံကျော်သည် ဘေးကင်းသည့် သောက်သုံးရေမရရှိကြသည့်အပြင် လေးဘီလီယံကျော်သည်လည်း တစ်နှစ်လျှင် အနည်းဆုံး တစ်လတာ ရေရှားပါးမှု ခံစားနေကြရသည်ဟု ဆိုသည်။ ကမ္ဘာပေါ်တွင် နှစ်စဉ် လူဦးရေ ၁ ဒသမ ၄ သန်းသည် မသန့်ရှင်းသည့်ရေကြောင့် ဖြစ်ပေါ်သည့်ရောဂါများနှင့် မိလ္လာမသန့်ရှင်းမှုများကြောင့် သေဆုံးနေကြရပြီး လူဦးရေ ၇၄ သန်းမှာလည်း တဖြည်းဖြည်း သက်တမ်းတိုတောင်းလာကြသည်ဟု ဆိုသည်။

မိမိတို့နိုင်ငံတွင် ပြည်သူလူထုရေရရှိရေးနှင့် ရေအရင်းအမြစ်ထိန်းသိမ်းရေးတို့အတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိရာ ရေရှားပါးသည့် ဒေသများတွင် သောက်သုံးရေအတွက် စိမ့်စမ်းရေကို သွယ်တန်းပေးခြင်း၊ အဝီစိတွင်းများ တူးဖော်ပေးခြင်း၊ ဆည်တာတမံများ ဆောက်လုပ်ထိန်းသိမ်းပေးခြင်း၊ မြစ်ရေတင်စီမံကိန်းများ ဖော်ဆောင်ပေးခြင်း၊ မြေအောက်ရေထိန်းတမံများ ဆောက်လုပ်ပေးခြင်း စသည့်ရေရရှိရေး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ တစ်နိုင်ငံလုံး ရေချိုသုံးစွဲမှု၏ ၈၉ ရာခိုင်နှုန်းကို စိုက်ပျိုးရေးကဏ္ဍက သုံးစွဲနေခြင်းဖြစ်ရာ နိုင်ငံတစ်ဝန်းလုံး၌ ရေလှောင်တမံ ၂၄၆ ခု၊ ရေလွှဲဆည် ၁၄၄ ခု၊ ရေကန် ၇၂ ခု၊ ရေတံခါး ၁၉၉ ခုနှင့် မြစ်ရေတင်လုပ်ငန်း ၂၁၉ ခုတို့ဖြင့် စိုက်ပျိုးရေ သောက်သုံးရေပေးဝေလျက်ရှိသည့်အပြင် အချို့ရေလှောင်တမံများတွင် ရေအားလျှပ်စစ်ကိုပါ ထုတ်လုပ်လျက်ရှိသည်။ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင် အဓိကမြစ်ကြီးလေးစင်းနှင့် မြစ်ချောင်းများမှ မြစ်ရေတင်စီမံကိန်း စုစုပေါင်း ၃၉၀ ဖြင့် စိုက်ပျိုးမြေဧရိယာ ဧက ၇၅၀၀၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေလျက်ရှိပြီး မြေအောက်ရေတွင်းတူးဖော်ပြီး စိုက်ပျိုးရေပေးဝေသည့်လုပ်ငန်းပေါင်း ၁၄၉၈၉ ခုမှ စိုက်ပျိုးဧက ၉၃၀၀၀၀ ခန့်ကို ရေပေးဝေလျက်ရှိသည်ဟု သိရသည်။

ရာသီဥတုပြောင်းလဲမှုမှ ဖြစ်ပေါ်လာသည့် သက်ရောက်မှုများနှင့် ရေအခက်အခဲများသည် ကမ္ဘာလုံးဆိုင်ရာပြဿနာဖြစ်သကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း အနာဂတ်ကာလတစ်လျှောက် ရင်ဆိုင်သွားကြရတော့မည့် စိန်ခေါ်မှုကြီးတစ်ခုဖြစ်သည်။ ရေဝေရေလဲဒေသများတွင် သစ်တောများ ကောင်းမွန်စွာပြန်လည်ပေါက်ရောက်လာအောင် ပြန်လည်ထိန်းသိမ်းခြင်းကြောင့် ဒေသပြန်လည်စိမ်းလန်းစိုပြည်လာပြီး ယခင်ခန်းခြောက်သွားခဲ့သည့် သဘာဝရေထွက်များမှ ပြန်လည်ရေထွက်လာသည့် သာဓကများရှိရာ သစ်ပင်သစ်တောများ ပြန်လည်စိုက်ပျိုးထိန်းသိမ်းရေး၊ ရေသုံးစွဲမှုများတွင် ရေကို လိုအပ်သလောက်သာရယူ၍ ထိထိရောက်ရောက်သုံးစွဲရေး၊ ရှိပြီးဖြစ်သော ရေရရှိရေးဆိုင်ရာ အခြေခံအဆောက်အအုံများ မပျက်မစီးအောင် ဝိုင်းဝန်းစောင့်ရှောက်ရေး၊ ရေအရင်းအမြစ်များနှင့် မြစ်ချောင်းများ မတိမ်ကော၊ မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို လူတိုင်းက အသိတရားဖြင့် ပါဝင်ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## အစိုးရဓမ္မာစရိယစာမေးပွဲ (ပဌမနေ့) ကျင်းပ

**နေပြည်တော် ဧပြီ ၁**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့ (ပဌမနေ့)တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၇ ဌာနတို့တွင် စာဖြေစာရင်းသွင်း ၁၂၁၆၀ ပါး/ဦးအနက် ၉၅၇၄ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၈ ဒသမ ၇၃ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဧပြီ ၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။ မိုး/ဇလ

## မွန်တိုးတက်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၁ / ၂၀၂၄ )

၁၃၈၅ ခုနှစ် ၊ တပေါင်းလပြည့်ကျော် ၈ ရက်

( ၂၀၂၄ ခုနှစ် ၊ ဧပြီလ ၁ ရက် )

### မွန်တိုးတက်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ ရာဇဓိရာဇ်လမ်း၊ ရတနာဒီပရပ်ကွက်၊ အမှတ် (၉) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မွန်တိုးတက်ရေးပါတီ** ကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**မွန်တိုးတက်ရေးပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ ( ၄၈ ) ဖြစ်ပါသည်။

( ပုံ ) ကိုကို

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ မဟာသင်္ကြန်ပွဲတော်နှင့် စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

၁။ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၆ ရက်နေ့မှ နှောင်းတန်ခူးလဆန်း ၈ ရက်နေ့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော် ဖြစ်ပါသည်။

၂။ ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာယပြုခြင်း၊ ရှင်ပြုရဟန်းခံအလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်းစသော မင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

၃။ ထို့အပြင် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်း မွှေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်း ရှိပါသည်။

၄။ သို့သော် လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာ ရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သား မခံမရပ်နိုင်သည်အထိ နောက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်း စသည့် အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

၅။ ထို့ကြောင့် ၁၃၈၅ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန်ဖြစ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊

(ခ) ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊

(ဂ) ပြည်သူများသည် မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်း လန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏တာဝန်များကို စွမ်းအားပြည့် ဆောင်ရွက်နိုင်ကြစေရန်၊

(ဃ) မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန်။

၆။ သို့ဖြစ်ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သောရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် နေထိုင်မှု၊ ပြုမူမှုများ ရှောင်ကြဉ်ကြပါရန်၊

(ခ) ဘာသာတရား၏ အဆုံးအမနှင့် မလျော်ညီသည့် ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုများ ရှောင်ကြဉ်ကြပါရန်၊

(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ ရှောင်ကြဉ်ကြပါရန်၊

(ဃ) သူတစ်ပါး သို့မဟုတ် အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာပျက်ပြားထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်း စသည့်အပြုအမူများ ရှောင်ကြဉ်ကြပါရန်၊

(င) မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းမြတ်နိုးတတ်သော အများပြည်သူတို့၏ အမြင်အာရုံတွင် အနှောင့်အယှက်ဖြစ်စေတတ်သည့် မြန်မာ့ယဉ်ကျေးမှုလွန် ဝတ်စားဆင်ယင်မှုမျိုး ဝတ်ဆင်ခြင်းမှ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်၊

(စ) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို ချစ်ခင်၍ ပျော်ရွှင်ကြလိုသူများဖြစ်သည်နှင့်အညီ အခြားနိုင်ငံသားများက မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာ မဟာသင်္ကြန်ကို လေးစားတန်ဖိုးထားမှု လျော့ပါးစေသော စရိုက်လက္ခဏာများ၊ အပြောအဆို၊ အဝတ်အစား၊ အစားအစာ၊ အကအခုန်များကို အလွန်အမင်း လိုက်စားပြုမူခြင်း၊ အရက်သေစာကို သိက္ခာကျလောက်အောင် သောက်စားမူးယစ်ခြင်းများ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်။

❑ *ရှေ့ဖုံးမှ*

**နှစ်နိုင်ငံနယ်စပ်ဒေသ ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ဒေသနှင့် ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်မှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အွန်လိုင်းလောင်းကစားမှုများနှင့် အွန်လိုင်းလိမ်လည်မှုများ ပပျောက်စေရေး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသ ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှု အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

**မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ်တို့သည် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H. E. Mr. Deng Xijun အား လက်ခံတွေ့ဆုံစဉ်။



**မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H. E. Mr. Deng Xijun အဖွဲ့နှင့်အတူ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။

# ပဲခူးတိုင်းဒေသကြီး၌ ယခုနှစ်မတ်လအတွင်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ကျပ်သန်း ၅၆၀၀ ကျော်ဝင်ရောက်

**ပဲခူး ဧပြီ ၁**

ပဲခူးတိုင်းဒေသကြီး၌ ယခုနှစ်မတ်လအတွင်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ကျပ်သန်း ၅၆၀၀ ကျော် ဝင်ရောက်ခဲ့ကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ မတ် ၂၉ ရက်က ပြုလုပ်သည့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ လုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၂/၂၀၂၄) မှ သိရသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီးသည် စီးပွားရေးလုပ်ငန်း ဆောင်ရွက်နိုင်သည့် နေရာဒေသကျယ်ဝန်းခြင်း၊ လုပ်သားပေါကြွယ်ဝခြင်း၊ တည်ရှိပြီး စက်ရုံအလုပ်ရုံများ၌ အလုပ်ရှင်အလုပ်သမား ပြဿနာမရှိခြင်းနှင့်အတူ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုများ စသည့် အခြေခံကောင်းများ ပိုင်ဆိုင်ထားပြီးဖြစ်၍ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများ လာရောက်ဆက်သွယ် ပြောကြားထားမှုများရှိကြောင်း၊ လာရောက်ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းရှင်များ အားလုံးအတွက် လုပ်ငန်းများ လွယ်ကူလျင်မြန်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေး အဘက်ဘက်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသလို တည်ရှိပြီး လုပ်ငန်းများ ထပ်မံတိုးချဲ့ လုပ်ကိုင်လာကြကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များကို အခြေခံပြီး ပေါင်းဆန်ထုတ်လုပ်သည့် ဆန်စက်ကြီးများ၊ ဆီစက်ကြီးများ၊ သား/ငါး အအေးခန်းစက်ရုံများ၊ ဆိုလာစက်ရုံများ၊ မြေဩဇာစက်ရုံကြီးများ စသည်တို့ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသတွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဝင်ရောက်လာခြင်းနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ပြီး နိုင်ငံအတွက်လည်း တိုင်းပြည်ဝင်ငွေ ပိုမိုတိုးတက် ရရှိလာနိုင်မည်ဖြစ်၍ တက်ရောက်လာသည့် ကော်မတီဝင်များအနေဖြင့် တိုင်းဒေသကြီးအကျိုး၊ နိုင်ငံ့ကောင်းကျိုးရှေးရှု၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုတိုးတက်စေရေး ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။ **(ယာပုံ)**



ထို့နောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူးက ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်မည့် Ayar Yoma Agriculture and Trading Co., Ltd. မှ အဆင့်မြင့်ဆန်အမျိုးမျိုး ကြိတ်ခွဲထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် လျှောက်ထားလာမှုနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမှုနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ထပ်မံဝင်ရောက်လာမည့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များက ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုတိုးတက်ဝင်ရောက်နိုင်ရေး အခွင့်အလမ်းကောင်းများနှင့် လျင်မြန်လွယ်ကူစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေး ကဏ္ဍအလိုက် ပံ့ပိုးကူညီဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ပဲခူးတိုင်းဒေသကြီး၌ ယခုနှစ်မတ်လအတွင်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ကျပ် ၅၆၅၄ ဒသမ ၇၃၆ သန်း ဝင်ရောက်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်း ၅၆ ဦး ဖန်တီးပေးနိုင်ခဲ့သည်။ တိုင်းဒေသကြီးအတွင်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ယနေ့အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၉၈ ဒသမ ၀၁၅ သန်း၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ကျပ် ၈၁၁၁၁ ဒသမ ၀၁၁ သန်း ဝင်ရောက်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်း စုစုပေါင်း ၁၁၅၃၇ ဦး ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် မြဝတီစာပေတိုက်မှ ထုတ်ဝေလျက်ရှိသည့် တေဇရုပ်စုံစာစောင်နှင့် မိုးသောက်ပန်းဂျာနယ်တို့အား Amuze Webtoon Application တွင်ထည့်သွင်းခြင်းတို့ကို Digital နည်းပညာအသုံးပြု၍ ဖွင့်လှစ်ပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် မေ ၁**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တောင်ညိုမြို့ရှိ အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကား ပြောကြားသည်။

**လှိုက်လှဲနွေးထွေးစွာကြိုဆို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့် အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်သို့ ရောက်ရှိကြရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဇော်မင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြဝတီရုပ်မြင်သံကြားမှဝန်ထမ်းများ၊ တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှစ်ပတ်လည်နေ့အခမ်းအနားနှင့် မြဝတီစာပေတိုက်မှ ထုတ်ဝေလျက်ရှိသည့် တေဇရုပ်စုံစာစောင်နှင့် မိုးသောက်ပန်းဂျာနယ်တို့အား Amuze Webtoon Application တွင်ထည့်သွင်းခြင်းတို့ကို Digital နည်းပညာအသုံးပြု၍ ဖွင့်လှစ်ပေးပြီး Amuze Webtoon Application တွင်ထည့်သွင်းခြင်း Video Clip ကို ကြည့်ရှုကြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

ထို့နောက် မြဝတီရုပ်မြင်သံကြားမှ ဝန်ထမ်းများက **“အောင်လံလွှင့်ချီ ကကပြည်”** တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြပြီး (၇၇) နှစ်မြောက် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး နှစ်ပတ်လည်နေ့ မှတ်တမ်းဗီဒီယိုကို ပြသသည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်၊ ကျောင်းများမှ နိုင်ငံတော်အဆင့် ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်၊ အစားခန့်ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းက မြန်မာ့တပ်မတော်နှင့်အတူ စတင်သန္ဓေတည်ခဲ့သည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့၏ ခရီးသည် ယနေ့ဆိုပါက (၇၇) နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ ရှည်လျားသည့် သမိုင်းခရီးတစ်လျှောက် မဆုတ်မနစ်သောဇွဲလုံ့လဝီရိယတို့ဖြင့် နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသည့် တာဝန်များကို ကျရာအခန်းကဏ္ဍမှ ကြိုးပမ်းထမ်းရွက်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များအားလုံး၏ စွမ်းဆောင်နိုင်ခဲ့မှုများအတွက် ဂုဏ်ယူအသိအမှတ်ပြုကြောင်းကို ပြောကြားလိုကြောင်း။

ပြည်သူ့ဆက်ဆံရေး(Public Relation)ဆိုသည်မှာ စစ်ဘက်–နယ်ဘက် ဆက်ဆံရေးအထိ သက်ရောက်မှုရှိသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပြီး စိတ်ဓာတ်စစ်ဆင်ရေးဟူသည် တပ်မတော်(ကြည်း၊ ရေ၊ လေ) အင်အားစုကြီးတစ်ခုလုံးကို စိတ်ဓာတ်ဖြင့် တည်ဆောက်ခြင်း၊ ပြည်သူကြားက မွေးဖွားလာသော တပ်မတော်နှင့် ပြည်သူကို တစ်သားတည်းဖြစ်စေခြင်းဆိုသည်အထိ စွမ်းပကားရှိကြောင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့များသည် တပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များဖြစ်သည့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊ စိတ်ဓာတ်စစ်ဆင်ရေးလုပ်ငန်း၊ ပညာရေးလုပ်ငန်းနှင့် စည်းရုံးရေးလုပ်ငန်းများကို ကျေပွန်အောင်မြင်စွာ ထမ်းဆောင်နိုင်ရေးအတွက် မိမိတို့သိသင့်သိထိုက်သည့် အသိပညာများနှင့် တတ်ကျွမ်းရမည့် အတတ်ပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာနေကြရမည်ဖြစ်ကြောင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့ဝင်များပီပီ နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒများကို လေးနက်စွာ ခံယူနားလည်ပြီး တပ်မတော်သားများ၊ တပ်မတော်သား မိသားစုဝင်များနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးပါ နိုင်ငံချစ်စိတ်ပိုမိုမြင့်မားလာစေရေး၊ အမျိုးသားရေး ယုံကြည်ချက်၊ ခံယူချက်များ ပိုမိုတိုးတက်လာစေရေးတို့ကို တစိုက်မတ်မတ်ကြိုးပမ်းထမ်းရွက်သွားကြရန်လိုကြောင်းကို အလေးအနက်ထား တိုက်တွန်းလိုကြောင်း။ *စာမျက်နှာ ၅ သို့*

- **လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းက မြန်မာ့တပ်မတော်နှင့်အတူ စတင်သန္ဓေတည်ခဲ့သည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး တပ်ဖွဲ့၏ခရီးသည် ယနေ့ဆိုပါက (၇၇) နှစ်တိုင်ခဲ့ပြီဖြစ်**
- **ရှည်လျားသည့် သမိုင်းခရီးတစ်လျှောက် မဆုတ်မနစ်သောဇွဲလုံ့လ ဝီရိယတို့ဖြင့် နိုင်ငံတော်နှင့် တပ်မတော်ကပေးအပ်လာသည့် တာဝန်များကို ကျရာအခန်းကဏ္ဍမှ ကြိုးပမ်းထမ်းရွက်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များအားလုံး၏ စွမ်းဆောင်နိုင်ခဲ့မှုများအတွက် ဂုဏ်ယူအသိအမှတ်ပြု**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ ခုနှစ်၊ မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် "စောင်နီလေး တစ်ထည်" ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင် ဒါရိုက်တာဆု ရရှိခဲ့သည့် ဗိုလ်မှူး တင်အောင်စိုး အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ်၊ စာပေဗိမာန်စာမူဆု စာပဒေသာ (ပထမဆု) ရရှိသည့် ဗိုလ်ကြီး နေထွန်းအောင် အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး) ပတ္တလား အတီးပြိုင်ပွဲ (ပထမဆု) နှင့် ဝါသနာရှင် ပထမတန်း အဆင့်(အမျိုးသမီး) စန္ဒရား အတီးပြိုင်ပွဲ(တတိယဆု)ရရှိသည့် ဒုတိယအရာခံဗိုလ် အစားခန့် ဒေါ်တင်ဇာအေးလွင် အား ဆုပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၄ မှ*

တာဝန်များကို ထမ်းဆောင်ရာတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး တပ်ဖွဲ့ဝင်များ၏ ပင်ကိုပါရမီနှင့် အသီးသီး သင်ကြားတတ်မြောက်ထားသည့် စာပေ၊ ဂီတ၊ အနုပညာ၊ မီဒီယာဆိုင်ရာ အတတ်ပညာရပ်များဖြင့် တပ်မတော်သားများနှင့် တပ်မတော်သားမိသားစုဝင်များ၏ ပညာရည်မြင့်မားရေး၊ တပ်တွင်းစည်းလုံးညီညွတ်ရေး၊ ရှေ့တန်းရောက် တပ်မတော်သားများ၏ တိုက်ပွဲဝင်စိတ်ဓာတ်များ ရှင်သန်နိုးကြားစေရေးတို့အတွက်လည်း သမိုင်းအဆက်ဆက်မှ ယနေ့ထက်တိုင် ကျေပွန်စွာ ထမ်းဆောင်နေကြသည်ကို တွေ့မြင်နေရဆဲဖြစ်ကြောင်း။

အနုသုခုမနှင့်သာမက တိုက်ပွဲဝင်စည်းရုံးရေး သင်တန်းကျောင်းများ အသီးသီးကလည်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်များ၏ တိုက်ပွဲဝင်စိတ်ဓာတ်မြင့်မားရေးကို အထူးအလေးထားဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း၊ မကြာခင် စစ်မှုထမ်းကြတော့မည့် ပြည်သူ့စစ်မှုထမ်းများကိုလည်း တိုင်းချစ်ပြည်ချစ်စိတ်၊ နိုင်ငံတော်ကာကွယ်လိုစိတ် ထာဝရကိန်းအောင်းသွားစေရေး ဆောင်ရွက်သွားရန် လိုသကဲ့သို့ နောင်တာဝန်ထမ်းဆောင်ကြမည့် မျိုးဆက်သစ် နိုင်ငံသားများကိုလည်း နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်ကြမည်ဟူသည့် ခံယူချက်မျိုးဖြစ်လာရေး ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက လက်ခံရယူစဉ်။

**❖ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး တပ်များသည် စာပေ၊ ဂီတ၊ မီဒီယာ စသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့် အနုပညာဆိုင်ရာ သဘောသဘာဝအပေါ်အခြေခံပြီး ဖွဲ့စည်းထားသည့် တပ်ဖွဲ့များဖြစ်သောကြောင့် တပ်ဖွဲ့တွင်းစည်းလုံးညီညွတ်မှုရှိစေရေးသည် အရေးကြီး**

**❖ ပေးအပ်လာသည့် တာဝန်အရပ်ရပ်အပေါ် တစ်ဦးတစ်ယောက်ကောင်းအားထက် စုပေါင်းအားကို အဓိကမဏ္ဍိုင်ပြုပြီး ကျေပွန်အောင်ထမ်းဆောင်**

**❖ မှန်ကန်သည့်အသိ၊ ခိုင်မာသည့် ခံယူချက်ကောင်းများနှင့် မိမိတို့ကိုယ်စီ တတ်မြောက်ကျွမ်းကျင်ထားကြသည့် အတတ်ပညာစွမ်းအားများ ပေါင်းစပ်ပြီး နိုင်ငံတော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အမျိုးသားရေးအားမာန်များ ပိုမိုခိုင်မာလာအောင် ကြိုးပမ်းဆောင်ရွက်**

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး တပ်များသည် စာပေ၊ ဂီတ၊ မီဒီယာ စသည့်အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့် အနုပညာဆိုင်ရာ သဘောသဘာဝအပေါ်အခြေခံပြီး ဖွဲ့စည်းထားသည့် တပ်ဖွဲ့များဖြစ်သောကြောင့် တပ်ဖွဲ့တွင်းစည်းလုံးညီညွတ်မှုရှိစေရေးသည် အရေးကြီးကြောင်း၊ ပေးအပ်လာသည့် တာဝန်အရပ်ရပ်အပေါ် တစ်ဦးတစ်ယောက်ကောင်းအားထက် စုပေါင်းအားကို အဓိကမဏ္ဍိုင်ပြုပြီး ကျေပွန်အောင် ထမ်းဆောင်သွားကြရန်လိုကြောင်း၊ မှန်ကန်သည့်အသိ၊ ခိုင်မာသည့် ခံယူချက်ကောင်းများနှင့် မိမိတို့ကိုယ်စီ တတ်မြောက်ကျွမ်းကျင်ထားကြသည့် အတတ်ပညာစွမ်းအားများပေါင်းစပ်ပြီး နိုင်ငံတော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ *စာမျက်နှာ ၆ သို့*






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၅ မှ*
အမျိုးသားရေးအားမာန်များ ပိုမိုခိုင်မာလာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး တပ်ဖွဲ့များ၏ သမိုင်းနှင့် အစဉ်အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်သွားကြပြီး တပ်ဖွဲ့၏ မူလ ရည်မှန်းချက် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်ရန် နိုင်ငံတကာရေးရာနှင့် မျက်မှောက် ခေတ်အခြေအနေများကို မျက်ခြည်မပြတ်လေ့လာ နေကြရမည်ဖြစ်ကြောင်း၊ တပ်မတော်မှ နိုင်ငံတော် နှင့် နိုင်ငံသားများအပေါ် ကျရောက်လာမည့် မည်သည့်အန္တရာယ်မျိုးမဆို ကာကွယ်နေချိန်တွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့ အနေဖြင့် တပ်မတော်မှအားကိုးရသည့် လက်ရုံး တပ်ဖွဲ့တစ်ခုဖြစ်စေရန် တပ်ဖွဲ့ဝင်တိုင်း၏ အသိပညာ၊ အတတ်ပညာစွမ်းပကားများကို တိုးတက်အောင် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေး သုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော် ရှေ့ဆက် သွားမည့်ခရီးတွင် တစ်တပ်တစ်အား ပါဝင်ဆောင် ရွက်သွားကြရန် လေးလေးနက်နက် တိုက်တွန်း လိုကြောင်း ပြောကြားသည်။

**ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေး မှူးရုံးကွပ်ကဲမှုအောက် တပ်မတော်ကျောင်းများမှ နိုင်ငံတော်အဆင့် ပြည်တွင်းပြိုင်ပွဲများတွင် ဆုရရှိ ခဲ့ကြသူများအား ဆုများပေးအပ်ချီးမြှင့်ရာ ၂၀၂၃ ခုနှစ်၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်း အနားတွင် "စောင်နီလေးတစ်ထည်" ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင် ဒါရိုက်တာဆု ရရှိခဲ့သည့် ဗိုလ်မှူး တင်အောင်စိုး၊ ၂၀၂၂ ခုနှစ်၊ စာပေဗိမာန်စာမူဆု စာပဒေသာ (ပထမဆု) ရရှိသည့် ဗိုလ်ကြီး နေထွန်း အောင်၊ ၂၀၂၃ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး) ပတ္တလား အတီးပြိုင်ပွဲ (ပထမဆု) နှင့် ဝါသနာရှင် ပထမတန်း အဆင့်(အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲ(တတိယဆု) ရရှိသည့် ဒုတိယအရာခံဗိုလ် အစားခန့် ဒေါ်တင်ဇာ အေးလွင်တို့က ဆုများ လက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေး မှူးရုံး၊ ညွှန်ကြားရေးမှူးက နှစ်ပတ်လည်နေ့အထိမ်း အမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေး မှူးရုံး (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်း အမှတ် ဂုဏ်ပြုချီးမြှင့်ငွေကိုပေးအပ်ရာ ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေး မှူးရုံး ညွှန်ကြားရေးမှူးက လက်ခံရယူသည်။

**ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှု ကြည့်ရှုအားပေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင် များသည် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင် ရေးညွှန်ကြားရေးမှူးရုံး (၇၇) နှစ်မြောက် နှစ်ပတ် လည်နေ့ အထိမ်းအမှတ်အဖြစ် မြဝတီတေးဂီတ အဖွဲ့နှင့်အတူ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့များမှ စစ်သည်၊ စစ်သမီးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ ရုပ်ရှင်နှင့်သဘင် ဂီတအနုပညာရှင်များ ပူးပေါင်း၍ ဂုဏ်ပြုဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။ ဖျော်ဖြေ တင်ဆက်မှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များ နှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၇) နှစ် မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား Signing Booth တွင် အမှတ်တရ လက်မှတ်ရေးထိုးကြပြီး နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်း ပြသထားသည့် ပညာရေးပြခန်း၊ အမှတ်(၁) တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်ပြခန်း၊ အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့် ရေးတပ်ပြခန်း၊ အမှတ်(၁) တပ်မတော်အသံလွှင့်တပ် ပြခန်း၊ မြဝတီစာပေတိုက်ပြခန်း၊ မြဝတီသတင်း စာတိုက်ပြခန်းနှင့် ရတနာပုံသတင်းစာတိုက်ပြခန်း တို့ကို လှည့်လည်ကြည့်ရှု၍ ရှင်းလင်းတင်ပြမှုများ အပေါ်သိရှိလိုသည်များမေးမြန်းပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေး တပ် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်း တင်လက်မှတ်ရေးထိုးပြီး အခမ်းအနားမှ ပြန်လည် ထွက်ခွာရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ ကွပ်ကဲမှုအောက် မြဝတီရုပ်မြင်သံကြားမှဝန်ထမ်းများ၊ တာဝန်ရှိသူများ က နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားအဖြစ် ခင်းကျင်းပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

## သာယာဝတီမြို့၌ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ခရိုင်အဆင့် နည်းပြဆင့်ပွားသင်တန်းဖွင့်ပွဲကျင်းပ

**သာယာဝတီ မေ ၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီ မြို့တွင် ကျေးလက်နေပြည်သူများ နှင့် တိုင်းရင်းသားပြည်သူများ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ခရိုင်အဆင့် နည်းပြဆင့်ပွား သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပ သည်။ **(ယာပုံ)**

အခမ်းအနားတွင် ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဝင်း က နွေရာသီကျောင်းပိတ်ရက်တွင် ကျေးလက်နှင့် မြို့ပေါ်များ၌ ငယ်စဉ်က ပညာမသင်ကြားခဲ့ရသူ များအား အခြေခံ စာတတ်မြောက် ရေးနှင့် နည်းပြသင်တန်းတက် ရောက်နေသော ဆရာ ဆရာမများ အနေဖြင့် ပြန်လည်သင်ကြား ပေးရာတွင် ရာနှုန်းပြည့် အောင်မြင် ရန်လိုကြောင်း၊ စာမတတ်သူများ ရှိရာ ကျေးလက်နှင့် မြို့ပေါ်များ သို့ လိုက်လံသင်ကြားပေးရမည် ဖြစ်ကြောင်း စသည့်အချက်များ ကို ရှင်းလင်းပြောကြားသည်။

အခြေခံစာတတ်မြောက်ရေး လုပ်ငန်း ခရိုင်အဆင့် နည်းပြ ဆင့်ပွားသင်တန်းဖွင့်ပွဲသို့ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် သင်တန်းနည်းပြများ တက် ရောက်ကြသည်။

သင်တန်းတွင် ကြီးကြပ် ဆရာ ဆရာမ ၁၃ ဦး၊ သင်တန်း သား သင်တန်းသူ ၁၁၅ ဦး တက် ရောက်ကြပြီး သင်တန်းကာလ မှာ မေ ၁ ရက်မှ ၃ ရက်အထိ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး(၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တောင်ညိုမြို့ရှိ အမှတ်(၂) တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဇော်မင်းထွန်း၊ တပ်မတော် အရာရှိကြီးများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားတပ်မတော် အရာရှိကြီးများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်တပ်၊ ကျောင်းများမှ ထူးချွန်ဆုရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်၊ အစားခန့်ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။





**ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်**

ဦးစွာ စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် ဆုချီးမြှင့်ခြင်းအစီအစဉ်ကို ကျင်းပပြုလုပ်ရာ မြဝတီရုပ်မြင်သံကြားတွင် (၁၀)နှစ်တိုင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများနှင့် ထူးချွန်ဆုရ အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

**(၁၀)နှစ်တိုင် တာဝန်ထမ်းဆောင်**

ဆက်လက်ပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက မြဝတီစာပေတိုက်တွင် (၁၀)နှစ်တိုင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများနှင့် ထူးချွန်ဆုရ စစ်သည်၊ ဝန်ထမ်းများ၊ မြဝတီ၊ ငွေတာရီ၊ သုတအလင်းမဂ္ဂဇင်းတို့တွင် အကောင်းဆုံး ကာတွန်း ဆု၊ ကဗျာဆု၊ ဆောင်းပါးဆု၊ ဝတ္ထုတိုဆုနှင့် ဝတ္ထုရှည်ဆု ရရှိသူများကို လည်းကောင်း။

**ထူးချွန်ဆုရ ဝန်ထမ်းများကိုချီးမြှင့်**

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက သဇင်အသံလွှင့်ဌာနတွင် အနှစ်(၂၀)တိုင်တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများ၊ မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် (၁၀)နှစ်တိုင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများနှင့် ထူးချွန်ဆုရ အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့် ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဟိုပုံးမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေ ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

**ဟိုပုံး ဧပြီ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေ ထပ်ဆင့်ရှင်းလင်းပွဲကို ယနေ့ နံနက် ၁၀ နာရီက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမ၌ ပြုလုပ်သည်။



ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အတွင်းရေးမှူး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးတင်ထူးမောင်က ပြည်သူ့စစ်မှုထမ်းဥပဒေပါအချက်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေအပေါ် မလိုလားအပ်သည့် မီဒီယာအချို့၏ ကောလာဟလ လုပ်ကြံသတင်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် သိန်းနိုင်က နိုင်ငံကာကွယ်ရေးသည် နိုင်ငံသားတိုင်း၏ မြင့်မြတ်သော တာဝန်ပင်ဖြစ်ပါကြောင်း၊ နိုင်ငံ့အရေးတွင် မိမိတို့ကျရာ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားကြရန် လိုကြောင်း ဆွေးနွေးသည်။ ယင်းနောက် တက်ရောက်လာသူများက သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဖြေကြားဆွေးနွေးပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

အဆိုပါအခမ်းအနားသို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ ဟိုပုံးမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ဆီဆိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဒေသ/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဟိုပုံးမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ဆီဆိုင်မြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# မွေးမြူရေးသုတေသနဦးစီးဌာန၏ ဒုတိယအကြိမ် မွေးမြူရေးသုတေသနဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ



**နေပြည်တော် မေ ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးသုတေသနဦးစီးဌာန၏ ဒုတိယအကြိမ် မွေးမြူရေးသုတေသနဆိုင်ရာ စာတမ်းဖတ်ပွဲကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ သုတေသနစာတမ်းရှင်များနှင့် သုတေသီများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ကိုယ်စားလှယ်များက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးအတွက် လိုအပ်လျက်ရှိသည့် သုတေသနလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရ၏ စီမံလမ်းညွှန်မှုဖြင့် မွေးမြူရေးသုတေသနဦးစီးဌာနကို ဌာနအသစ်တည်ထောင် ဖွင့်လှစ်ခဲ့ရာ ယနေ့တွင် နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် စာတမ်းဖတ်ပွဲသည် မြန်မာနိုင်ငံ၏ သား၊ ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်ချက်များကို သုတေသီများ၊ ပညာရှင်များက ဖော်ထုတ်ဆွေးနွေးနိုင်ကြရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ စာတမ်းဖတ်ပွဲတွင် သုတေသီအချင်းချင်း ပညာရပ်ဆိုင်ရာများ ဖလှယ်နိုင်သကဲ့သို့ ၎င်းတို့ဆောင်ရွက်မှုမှ ရရှိလာသည့် သုတေသနရလဒ်များကို တစ်နေရာတည်းတွင် စုစည်းဖော်ပြပေးခြင်းဖြင့် အခြားသောလုပ်ငန်း ဆက်စပ်သူများအနေဖြင့် ရည်ညွှန်းကိုးကားအဖြစ် အသုံးချနိုင်မည်ဖြစ်ပါကြောင်း၊ အလားတူ နည်းပညာအရ သုတေသနဖော်ထုတ်တွေ့ရှိချက်များကို လက်တွေ့အသုံးချသုတေသနများအဖြစ် ပြောင်းလဲပြီး အမှန်တကယ်အသုံးချမည့် မွေးမြူရေးတောင်သူများ၊ မွေးမြူရေးလုပ်ငန်းရှင်များ လက်ဝယ်ရောက်ရှိအောင် ဆက်လက်ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မွေးမြူရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းနိုင်ထွန်း က စာတမ်းဖတ်ပွဲ ကျင်းပရခြင်းနှင့် စာတမ်းဖတ်ပွဲဆိုင်ရာ အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး စာတမ်းရှင်များက သုတေသနစာတမ်းများ ဖတ်ကြားတင်ပြကြရာ အခမ်းအနားတက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် မွေးမြူရေးသုတေသနဆိုင်ရာ စာတမ်းဖတ်ပွဲတွင် ဈေးကွက်ဝင်တန်ဖိုးမြှင့် မွေးမြူရေးထုတ်ကုန်နှင့် လူသုံးမွေးမြူရေး ထုတ်ကုန်များဆိုင်ရာ သုတေသနစာတမ်း နှစ်စောင်၊ ရေရှည်တည်တံ့စေမည့် မွေးမြူထုတ်လုပ်ရေးနည်းစနစ်ဆိုင်ရာ သုတေသနစာတမ်း ၁၆ စောင်၊ တိရစ္ဆာန်အစာနှင့် အာဟာရဗေဒဆိုင်ရာ သုတေသနစာတမ်း ၂၁ စောင်၊ ကုန်းနေ၊ ရေနေ တိရစ္ဆာန်ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ သုတေသနစာတမ်း ရှစ်စောင်နှင့် မွေးမြူရေးအခြေပြု လူမှုစီးပွားရေးဆိုင်ရာ သုတေသနစာတမ်း နှစ်စောင် စုစုပေါင်း စာတမ်း ၄၉ စောင်ကို မွေးမြူရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် မြိတ်တက္ကသိုလ်၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ပညာရှင်များက တင်သွင်းဖတ်ကြားကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက တိရစ္ဆာန်အစာတောင့် ပြုလုပ်စက်လှူဒါန်းသည့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ကိုလည်းကောင်း၊ ငါးသွေးအချိုးအစားပါဝင်မှုတိုင်းတာစက် လှူဒါန်းသည့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ကိုလည်းကောင်း၊ ဥဖောက်စက်လှူဒါန်းသည့် ပန်းသဇင်ကုမ္ပဏီလီမိတက်ကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ထို့နောက် ဒုတိယဝန်ကြီးများက သုတေသနစာတမ်းအကဲဖြတ်အမှတ်ပေးအဖွဲ့နှင့် ဆုရစာတမ်းရှင်များကို မှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# MMQR (Digital Payment Switch) အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့်စပ်လျဉ်းသည့် အစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၁**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်က အကောင်အထည်ဖော် ဆောင်ရွက်နေသည့် MMQR (Digital Payment Switch) အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲ၌ ကျင်းပသည်။

ယင်းအစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဦးဆောင်၍ MMQR (Digital Payment Switch) အကောင်အထည်ဖော်ခြင်းနှင့် သက်ဆိုင်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများ၊ ဘဏ်များမှ နည်းပညာဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ နည်းပညာပိုင်းဆိုင်ရာ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် Payplus Co.,Ltd၊ BPC Ltd နှင့် Adaman Capital Partners Co.,Ltd တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် MMQR (Digital Payment Switch) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ Project တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် Payplus Co.,Ltd၊ BPC Ltd နှင့် Adaman Capital Partners Co., Ltd တို့မှ တာဝန်ရှိသူများအနေဖြင့် တညီတညွတ်တည်း ပူးပေါင်းဆောင်ရွက်မှသာ ဗဟိုဘဏ်မှချမှတ်ထားသည့် စီမံကိန်းကို သတ်မှတ်ထားသည့် ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ Application နှင့် Software Testing ပိုင်းဆိုင်ရာ တာဝန်ယူ ဆောင်ရွက်နေသည့် BPC Ltd နှင့် Adaman Capital Partners Co.,Ltd တို့အနေဖြင့်လည်း သတ်မှတ်ချိန် (Timeline) အပေါ် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်အလိုက် ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် လက်ရှိလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို တိကျမှန်ကန်စွာတင်ပြရန်လိုအပ်ပြီး စီမံကိန်းတွင် ပါဝင်သည့် အဖွဲ့ဝင်များကလည်း အချင်းချင်း တညီတညွတ်တည်း ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ Payplus Co.,Ltd အနေဖြင့် လည်းကောင်း၊ နည်းပညာအဖွဲ့ဝင်များ အနေဖြင့်လည်းကောင်း၊ ချိတ်ဆက်ပါဝင်ဆောင်ရွက်ကြမည့် ဘဏ်များ၊ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်းများ အနေဖြင့်လည်းကောင်း MMQR (Digital Payment Switch) နှင့် ချိတ်ဆက်နိုင်ရေးအတွက် ပါဝင်ဆောင်ရွက်ရာ၌ ကြုံတွေ့နေရသည့် အခက်အခဲနှင့် အခြေအနေကိုတင်ပြရန် လိုအပ်မည်ဖြစ်ကြောင်း မှာကြားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် Payplus Co.,Ltd က Application အချင်းချင်း အပြန်အလှန် ပေးချေမှုများကို Transaction အမျိုးအစားအလိုက် End to End Demonstration ပြသပြီး ဥက္ကဋ္ဌ၏ မှာကြားချက်အတိုင်း သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရန်အတွက် သကြ်န်ပိတ်ရက်များအပါအဝင် ကြိုးစားဆောင်ရွက်နေပါကြောင်း၊ လူအင်အားနှင့် အရင်းအမြစ်များ (Resource) ထည့်သွင်း၍ ဆောင်ရွက်နေပါကြောင်း၊ Develop ပြုလုပ်ရမည့်အပိုင်းများ ရှိသည့်အတွက် စီမံကိန်းပြီးဆုံးမည့်ကာလကို ၂၀၂၄ ခုနှစ် ဩဂုတ်လကုန်အထိ သတ်မှတ်ပေးရန် လိုပါကြောင်း၊ ယင်းကာလအတွင်း MMQR ဖြင့် ပေးချေမှုများကို အချင်းချင်း အပြန်အလှန်ချိတ်ဆက်နိုင်ရေးအတွက် Offline /Online Testing၊ Production နှင့် Network ပိုင်းဆိုင်ရာ၊ Cyber Security ပိုင်းဆိုင်ရာများ၊ Third Party Certification လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက MMQR (Digital Payment Switch Project) အတွက် SIT/UAT စမ်းသပ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ အဖွဲ့ဝင်များက အတည်ပြုပြီး ဖြစ်သည့်အတွက် သတ်မှတ်ထားသည့် အချိန်အတွင်း ပြီးစီးအောင် မဖြစ်မနေကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရန်၊ ယခု Project မှာ ASEAN Payment Connectivity နှင့်ဆက်စပ်နေသည့်အတွက် နိုင်ငံတော်အဆင့် Project ဖြစ်သည်နှင့်အညီ ပူးပေါင်း ပါဝင်ဆောင်ရွက်ရန်၊ စီမံကိန်းကို မြန်ဆန်စွာ ပြီးမြောက်အောင် ဆောင်ရွက်ရာတွင် အဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းများ ပြီးစီးရန်အတွက် လိုအပ်သည့် ညွှန်ကြားပေးမှုများ၊ လုပ်ငန်း စတင်နိုင်ရန်အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ကြုံတွေ့ရသည့် စိန်ခေါ်မှုများ/ အားနည်းချက်များကို ညှိနှိုင်းဖြေရှင်းပေးမည် ဖြစ်သဖြင့် အချိန်မီတင်ပြရန် သက်ဆိုင်ရာ တာဝန်ရှိသူများသို့ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ အမည်အစား ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနအဖြစ် အမည်ပြောင်းဆိုင်းဘုတ်တင်ဖွင့်ပွဲ အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးရှေ့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် မြို့နယ်မြေစာရင်း ဦးစီးဌာနမှူး ဦးအောင်ကိုကိုတို့က ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။ မြထွန်း (မလှိုင်)



လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ အမည်အစား ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနအဖြစ် အမည်ပြောင်းဆိုင်းဘုတ်တင်ဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ်၌ မေ ၁ ရက်က ဦးစီးအရာရှိ ဦးကျော်သူရိန်နှင့်အငြိမ်းစားဝန်ထမ်းများက ဖွင့်လှစ်စဉ်။ တင်စိုးလွင်

# ပဲတီစိမ်း၊ နှမ်းစပါး၊ မိုးစပါး စီမံကိန်းများအပေါ် သုံးသပ်အဖြေရှာခြင်းနှင့် ဝါသီးနှံ၊ မိုးစပါး စီမံကိန်းလုပ်ငန်းများ ကြိုတင်စီမံဆောင်ရွက်မည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဧပြီ ၁**

၂၀၂၃-၂၀၂၄ ခုနှစ် ပဲတီစိမ်း၊ နှမ်းစပါး၊ မိုးစပါးစီမံကိန်း ဆောင်ရွက်ခဲ့မှုအခြေအနေများအပေါ် အားသာချက်၊ အားနည်းချက်များကို သုံးသပ်အဖြေရှာခြင်းနှင့် ဆောင်ရွက်ဆဲဖြစ်သည့် ဆောင်းသီးနှံ၊ နှမ်းစပါး စီမံကိန်းလုပ်ငန်းနှင့် ဆောင်ရွက်ဆဲဖြစ်သည့် ဝါသီးနှံ နှင့် မိုးစပါးစီမံကိန်းလုပ်ငန်းများအပေါ် ကြိုတင်စီမံ ဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုး ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ညွှန်ကြားရေးမှူးချုပ်များ နှင့်တာဝန်ရှိသူများ၊ ဗဟိုသမဝါယမအသင်း၊ တိုင်း ဒေသကြီး/ ပြည်နယ် သမဝါယမဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ သမဝါယမအသင်းစုချုပ်များမှ ဥက္ကဋ္ဌများ၊ ဝါစိုက်ပျိုးထုတ်လုပ်သည့် မြို့နယ်များရှိ သမဝါယမဦးစီးအရာရှိများနှင့် သမဝါယမအသင်းစု တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ ၂၀၂၃- ၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှုစီမံကိန်း တွင် တောင်သူများ လိုအပ်သည့် သွင်းအားစုများ ပံ့ပိုးဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အထွက်နှုန်းများ လည်း တိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း၊ နှမ်းစပါးစိုက်ပျိုးထုတ်လုပ်မှု စီမံကိန်းတွင်လည်း တောင်သူများလိုအပ်သည့် သွင်းအားစုများ ပံ့ပိုး ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် နှမ်းစပါးထွက်ရှိမှု အနေဖြင့် ယခင်နှစ်ထက် တစ်ဧကအထွက်နှုန်း ပိုမို ထွက်ရှိကြသည်ကို တွေ့ရှိရပါကြောင်း၊ မိုးစပါး စိုက်ပျိုးထုတ်လုပ်မှုစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အတွက် အတွေ့အကြုံများရရှိပြီး ဖြစ်ကြောင်း၊ အချို့မှာ ပန်းတိုင်အထွက်နှုန်း ပြည့်မီ သော်လည်း အချို့မှာ အထွက်နှုန်းလျော့နည်းမှုများ ရှိသည်ကို တွေ့ရှိရသည့်အတွက် အကြောင်းရင်းများ ကို အဖြေရှာရန်လိုအပ်ကြောင်း။

ဆောင်ရွက်ဆဲဖြစ်သည့် နေကြာ၊ နှမ်း၊ မြေပဲ၊ ဆောင်း ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်ရေး စီမံကိန်းနှင့် နှမ်းစပါးစိုက်ပျိုးထုတ်လုပ်ရေး စီမံကိန်း တို့ကိုလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ရယူ ပြီး သွင်းအားစုများ ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့ပါ ကြောင်း၊ အထူးသဖြင့် နေကြာကို စနစ်တကျဖြင့် စိုက်ပျိုးနိုင်ရေး အထွက်နှုန်းတိုးမျိုးကို စိုက်ပျိုးပြီး အမှန်တကယ် လုပ်ဆောင်ပါက အထွက်နှုန်းများ ပိုမိုထွက်ရှိနေသည်ကို တွေ့ရှိရပါကြောင်း။

ဝါစိုက်ပျိုးနိုင်မည့် မြို့နယ်များ၌ ဝါစိုက်ပျိုးသည့် သမဝါယမအသင်းများနှင့် တောင်သူများကို စည်းရုံး ၍ သမဝါယမအသင်းများ ဖွဲ့စည်းပြီး အဆိုပါ အသင်းသားတောင်သူများပိုင် လယ်ယာမြေများနှင့် သမဝါယမအသင်းပိုင် လယ်ယာမြေများတွင် ဝါသီးနှံ စိုက်ပျိုးနိုင်ရေး စည်းရုံးဆောင်ရွက်သွားရန် လိုအပ် ပါကြောင်း၊ ဝါစိုက်ပျိုးရန် လိုအပ်သည့်ပံ့ပိုးငွေများကို နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အတွက် စီမံကိန်း ကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွား ရန်ဖြစ်ကြောင်း၊ ဝါစိုက်ပျိုးနိုင်ရေးအတွက် အထွက် နှုန်းတိုးသည့် ဝါမျိုးစေ့များ အချိန်မီပံ့ပိုးပေးနိုင်ရေး၊ အထွက်နှုန်းတိုးသည့် ဝါမျိုးရရှိနိုင်ရေး ဆောင်ရွက် ပေးရန်နှင့် သွင်းအားစုများကို အသင်းအဖွဲ့များမှ တိုက်ရိုက်ပေးပို့နိုင်ရေး လုပ်ဆောင်ပေးသွားမည်ဖြစ် ပါကြောင်း၊ သတ်မှတ်ထားသည့် အထွက်နှုန်းအတိုင်း ထွက်ရှိရန် လိုအပ်သည့် မျိုး၊ မြေ၊ ရေ၊ နည်း ပညာများ ကို ဖြည့်ဆည်းပေးရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန များနှင့် ချိတ်ဆက်ပြီး စိုက်ကွင်းအရောက် အသိပညာ ပေး ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားသည်။(ဝဲပုံ)

ဆက်လက်၍ သမဝါယမဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးအောင်သူရက လုပ်ငန်းဆောင်ရွက်မှုအခြေ အနေများနှင့် ၂၀၂၃-၂၀၂၄ ခုနှစ် ပဲတီစိမ်း၊ နှမ်းစပါး၊ မိုးစပါးစီမံကိန်း ဆောင်ရွက်ခဲ့မှုများကို သုံးသပ် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများက ၂၀၂၄- ၂၀၂၅ ခုနှစ်တွင် ဆောင်ရွက်နေသော ဆောင်းသီးနှံ၊ နှမ်းစပါးစီမံကိန်းလုပ်ငန်းများနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် ဝါသီးနှံနှင့် မိုးစပါးစီမံကိန်းလုပ်ငန်း များအပေါ် ကြိုတင်စီမံဆောင်ရွက်မည့် အစီအမံများ ကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက သုံးသပ်ဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးက လာမည့် မိုးစပါးရာသီတွင် စုပေါင်းဆောင်ရွက်၊ စုပေါင်းထုတ်လုပ်၊ စုပေါင်းရောင်းချသည့် သမဝါယမ စနစ်ဖြင့် လုပ်ဆောင်၍ ပန်းတိုင်အထွက်နှုန်းပြည့်မီ အောင် ဆောင်ရွက်ကြရန် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။ **သတင်းစဉ်**

## မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေးကျင်းပ



**နေပြည်တော် ဧပြီ ၁**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ ဗဟိုကော်မတီနာယက သယံဇာတ နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။(ယာပုံ)

အစည်းအဝေးသို့ မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ဗဟို ကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ မြန်မာနိုင်ငံတော် ဗဟို ဘဏ် ဒုတိယဥက္ကဋ္ဌနှင့်သယံဇာတ နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်း ဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများ တက်ရောက် သည်။

အစည်းအဝေးတွင် ၂၀၂၄ ခုနှစ် (၅၉) ကြိမ်မြောက် မြန်မာ့ ကျောက်မျက် ရတနာပြပွဲတွင် ခင်းကျင်းပြသ ရောင်းချမည့် ကျောက်စိမ်း အတွဲများနှင့် ကျောက်မျက်အတွဲများ၊ ပုလဲအတွဲ များ အတွဲဖွဲ့စည်းထားမှုနှင့် ရောင်းချမည့် အခြေအနေများကို လည်းကောင်း၊ ပြပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွဲ့စည်း ထားသည့် ကော်မတီများက ကဏ္ဍအလိုက် လုပ်ငန်းဆောင် ရွက်မှု အခြေအနေများကိုလည်း ကောင်း ရှင်းလင်းတင်ပြကြ ပြီး တက်ရောက်လာသူများက ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးကြ သည်။ **သတင်းစဉ်**

## ကုန်သွယ်ရေးဦးစီးဌာန၏ (၉)နှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန၏ ဌာနတွင်း ထူးခြား ကျေပွန်စွာ တာဝန်ထမ်းဆောင်ခဲ့ သော ဌာနခွဲများ၊ ဝန်ထမ်းများနှင့် နိုင်ငံတော်၏ ကုန်သွယ်ရေး ဆိုင်ရာ မူဝါဒများအပေါ် အကောင် အထည်ဖော် ဆောင်ရွက်ရာတွင် စိတ်ရောကိုယ်ပါ ပူးပေါင်းဆောင် ရွက် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများကို ဂုဏ်ပြုသည့်အနေ ဖြင့် နှစ်ပတ်လည်နေ့အခမ်းအနား ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၃) ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည် ထောင်စုဝန်ကြီး ဦးထွန်းအုံက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အကောင်းဆုံး ဌာနခွဲဆုများ ချီးမြှင့်ခြင်း၊ တာဝန်ရှိသူအရာရှိ



ကြီးများက စံပြဝန်ထမ်းဆုများ ချီးမြှင့်ခြင်း၊ အကောင်းဆုံး တာဝန် ထမ်းဆောင်သည့် ဝန်ထမ်းဆုများ ချီးမြှင့်ခြင်းများကို ဆောင်ရွက်ကြ ပြီး အခမ်းအနားတွင် ကုန်သွယ် ရေးဦးစီးဌာန ဝန်ထမ်းများက တေးသရုပ်ဖော် အကအလှများ ဖြင့် ကပြဖျော်ဖြေသည်။

မြန်မာနိုင်ငံတွင် စီးပွားရေး လုပ်ငန်း ကဏ္ဍပေါင်းများစွာရှိ သည့်အနက်မှ ကုန်သွယ်မှုကဏ္ဍ ကို အဓိကထားဆောင်ရွက်နေ သည့် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနသည် ပို့ကုန် သွင်းကုန်လုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရေး တာဝန်ယူပြီး အစိုးရ- ပုဂ္ဂလိက ကဏ္ဍညှိနှိုင်း ပူးပေါင်း ဆောင်ရွက်နေသော ဦးစီးဌာန တစ်ခုဖြစ်ကာ ခေတ် အဆက်ဆက်၊ သမိုင်းအဆက်ဆက် ပို့ကုန်သွင်းကုန်ကဏ္ဍကို တာဝန်ယူ ထမ်းဆောင်လျက်ရှိရာ နိုင်ငံတကာ၊ ဒေသတွင်း နိုင်ငံများနှင့် ကုန်သွယ် မှု ဆောင်ရွက်ရာတွင် ကမ္ဘာ့ ကုန်သွယ်ရေး အဖွဲ့အစည်း၏ ကုန်သွယ်ရေးဆိုင်ရာ သဘော တူညီချက်များနှင့်အညီ အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရေး တာဝန်ယူ ဆောင်ရွက်လျက်ရှိ သည့် ဦးစီးဌာနတစ်ခုဖြစ်သည်။

ကုန်သွယ်ရေးဦးစီးဌာနသည် ခေတ်နှင့်အညီဌာန၏ဖွဲ့စည်းပုံအား အဆင့်ဆင့် ပြောင်းလဲဖွဲ့စည်းခဲ့ရာ ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်တွင် ကုန်သွယ်ရေးဦးစီးဌာနဟု အမည် ဖြစ်ပေါ်လာသည့် နေ့ဖြစ်ခြင်း ကြောင့် ယနေ့သည် ဌာန၏ (၉)နှစ် မြောက် နှစ်ပတ်လည်နေ့ ဖြစ် ကြောင်း သိရသည်။ **သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဧပြီ ၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေ မှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့ တောင်ပိုင်းတို့တွင် တိမ်အသင့် အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီ ပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ မှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ် ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့်ရှိနိုင် သည်။

မိုး/ဇလ

## ရွှေတောင်မြို့နယ်၌ ဟော်လန်ပန်း(ခေါ်) သစ္စာပန်း စိုက်ပျိုး၍ အကျိုးအမြတ်ရရှိ



ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျီးသဲအုပ်စု တည်ကုန်းကျေးရွာ၌ ပန်းရောင်နှင့်အဖြူရောင် ဟော်လန်ပန်း (ခေါ်) သစ္စာပန်းများ စိုက်ပျိုးထားရှိကြောင်း၊ ဟော်လန်ပန်း (ခေါ်) သစ္စာပန်းများကို တန်ဆောင်မုန်းလတွင် စတင်စိုက်ပျိုးပြီး စိုက်ပျိုးပြီး သုံးလအကြာ တပို့တွဲလတွင် စတင်ခူးဆွတ်ရကြောင်း၊ ဟော်လန်ပန်း (ခေါ်) သစ္စာပန်း စိုက်ပျိုးမှုအနေဖြင့် တစ်ဧကလျှင် မျိုးဥရေနှစ်တင်း/ အပင်ရေ အားဖြင့် ၁၅၀၀၀ ခန့် စိုက်ပျိုးနိုင်ပြီး ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် စတင်စိုက်ပျိုးချိန်မှ ခူးဆွတ်ချိန်အထိ ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် စတင်ခူးဆွတ်ချိန်တွင် အပင်ရေ ၂၀၀ မှ ၃၀၀ အထိ ခူးဆွတ်ရပြီး ပန်းများလှိုင်လှိုင်ပေါ်ချိန်တွင် အပင်ရေ ၂၀၀၀ ခန့် ခူးဆွတ်နိုင်ကြောင်း၊ ပန်းများခူးဆွတ်ရာတွင် တစ်ရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး ခူးဆွတ်နိုင်သည့် အချိန်ကာလအနေဖြင့် ၁၅ ရက်ကျော် တစ်လခန့် ကြာမြင့်ကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် ဟော်လန်ပန်း (ခေါ်) သစ္စာပန်း တစ်ပင်လျှင် ငွေကျပ် ၁၀၀/၁၂၀ နှုန်းဖြင့် ရောင်းချပြီး ရွှေတောင်မြို့နယ်ရှိ ပန်းဒိုင်များက ပန်းခင်းအထိ လာရောက်ဝယ်ယူကြကာ ရန်ကုန်မြို့နှင့် ညောင်ခါးရှည်မြို့များသို့လည်း ပြန်လည်တင်ပို့ရောင်းချကြကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ်ခြောက်သိန်းကျော်ခန့်ရရှိကြောင်း၊ ဟော်လန်ပန်း (ခေါ်)သစ္စာပန်းသည် ကုန်ကျစရိတ်သက်သာပြီး ထိုက်သင့်သည့် အကျိုးအမြတ်များ ရရှိသည့်အတွက် ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း သိရသည်။

**DOCA(ပဲခူး)**

## ဆောင်းကုလားပဲ စိုက်ပျိုးမှု၊ ရိတ်သိမ်းထွက်ရှိမှုနှင့် ဈေးနှုန်းဈေးကွက်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်းကုလားပဲများကို ကျောက်ဆည်မြို့နယ်တွင် ၂၈၄၂၆ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၁၆၃၀၄ ဧက၊ မြစ်သားမြို့နယ်တွင် ၃၃၆၁၂ ဧက စုစုပေါင်း ၇၈၃၄၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ရိတ်သိမ်းဧကအနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၉၄၇၆ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၁၁၇၆၉ ဧက၊ မြစ်သားမြို့နယ်တွင် ၂၀၆၁၄ ဧက စုစုပေါင်း ၄၁၈၅၉ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ကုလားပဲသီးနှံ စိုက်ပျိုးထုတ်လုပ်ရန်အတွက် တစ်ဧကလျှင် မျိုး၊ ထွန်ယက်ခ၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ၂၅၀၀၀၀ ခန့် ကုန်ကျပြီး ပျမ်းမျှ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၉-၁၀ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ကုလားပဲစတင်ထွက်ပေါ်ချိန် ဖေဖော်ဝါရီလဆန်းပိုင်းတွင် ကုလားပဲရိုးရိုး တစ်တင်းလျှင် ငွေကျပ် ၉၀၀၀၀၊ ကုလားပဲ V2 တစ်တင်းလျှင် ငွေကျပ် ၉၈၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး လက်ရှိအချိန်တွင် ကုလားပဲရိုးရိုး တစ်တင်းလျှင် ငွေကျပ် ၇၄၀၀၀၊ ကုလားပဲ V2 တစ်တင်းလျှင် ငွေကျပ် ၇၈၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀၀ ခန့်ရရှိကြောင်း ကုလားပဲစိုက်တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**DOCA (မန္တလေး)**

## ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ ၂၀၂၄ ခုနှစ် မတ်လကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန် ဒေါ်လာ ၂၀ ဒသမ ၀၀ သန်းနှင့် သွင်းကုန်ဒေါ်လာ ၂ ဒသမ ၅၀ သန်းဖြင့် စုစုပေါင်း ဒေါ်လာ ၂၂ ဒသမ ၅၀ သန်းဖြစ်သည်။ မတ် ၃၀ ရက်အထိ အမှန်ကုန်သွယ်မှုမှာ ပို့ကုန် ဒေါ်လာ ၃၇ ဒသမ ၁၈၇ သန်းနှင့် သွင်းကုန်ဒေါ်လာ ၅ ဒသမ ၁၀၇ သန်း စုစုပေါင်း ဒေါ်လာ ၄၂ ဒသမ ၂၉၄ သန်းဖြစ်သဖြင့် ကုန်သွယ်မှုလျာထားချက်အပေါ် ၁၈၇ ဒသမ ၉၇၂ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ၂၀၂၄ ခုနှစ် မတ် ၂၆ ရက်မှ ၃၀ ရက်အထိ ပို့ကုန်ပိုင်းတွင် အဓိကပို့ကုန်ဖြစ်သည့် တစ်သျှူးငှက်ပျော ၁၄၇၁၉ တန်၊ နှမ်း ၃၅ တန်၊ ပဲမျိုးစုံတင်ပို့မှုအနေဖြင့် မြေထောက်ပဲ ၆၈ တန်၊ ထောပတ်ပဲ တန် ၇၀၊ နိုင်လွန်ပဲ ၁၃၆ တန်၊ ပဲတောင့်ရှည် ၆၇ တန်၊ ပဲယဉ်း ၂၄၁ တန်၊ သစ်သီးဝလံ တင်ပို့မှုအနေဖြင့် ရွှေဖရုံသီး ၇၄၄ တန်၊ ဖရဲသီး တန် ၃၅၀၊ ငရုတ်သီး ၂၇၂ တန်၊ ကြက်သွန်နီ ၂၈၈၈ တန်၊ သန့်စင်ပြီးသံမှုန့် ၅၆ တန်နှင့် စကျင်ကျောက်ဆင်းတု ၁၆ ဒသမ ၆၅ တန် တင်ပို့နိုင်ခဲ့သည်။

အများဆုံးသွင်းကုန်ပစ္စည်းများမှာ သံကြိုးခွေ၊ Hollow Pipe၊ Iron Pipe၊ လိမ္မော်သီးနှင့် လူသုံးအဝတ်အထည်များဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် CMP အထည်ချုပ်ပစ္စည်းတို့ တင်သွင်းနိုင်ခဲ့ကြောင်း သိရသည်။ **DOT (ကံပိုင်တည်)**

## မတ်ပဲသီးနှံစိုက်ပျိုးခြင်းဖြင့် တောင်သူများအကျိုးအမြတ်ရ

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်နှင့် မြန်အောင်ခရိုင်များ၌ မိုးစပါးစိုက်ဧက ငါးသိန်း သုံးသောင်းကျော် စိုက်ပျိုးခဲ့ပြီး သီးထပ်အဖြစ် မတ်ပဲသီးနှံကို စိုက်ဧက လေးသိန်းနှစ်သောင်းကျော် စိုက်ပျိုးထားရှိကြောင်း၊ ၂၀၂၃ ခုနှစ် နိုဝင်ဘာလဆန်းပိုင်းတွင် စတင်စိုက်ပျိုးသော မတ်ပဲသီးနှံများသည် ၂၀၂၄ ခုနှစ် မတ်လဒုတိယပတ်တွင် လှိုင်လှိုင်ထွက်ရှိလျက်ရှိရာ တစ်ဧက ပျမ်းမျှအထွက်နှုန်းအနေဖြင့် ၁၇-၂၀ တင်းအကြား ထွက်ရှိကြောင်း၊ မတ်ပဲသီးနှံတစ်ဧက ပျမ်းမျှကုန်ကျစရိတ်အနေဖြင့် ငွေကျပ် ၄၅၀၀၀၀ ခန့်ကုန်ကျပြီး တစ်ဧက ပျမ်းမျှအထွက်နှုန်းအနေဖြင့် ၁၇ တင်းနှုန်းထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် မတ်လတတိယပတ်တွင် မတ်ပဲတစ်တင်းလျှင် ဟင်္သာတမြို့၌ ငွေကျပ် ၉၆၀၀၀ ပေါက်ဈေးရှိပြီး အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ပျမ်းမျှငွေကျပ် ၁၂ သိန်းခန့်ရရှိကြောင်း၊ မတ်ပဲသီးနှံကို တောင်သူများ စနစ်တကျစိုက်ပျိုးကြခြင်း၊ ရာသီဥတုကောင်းမွန်ခြင်း၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးလာကြခြင်းများကြောင့် ယခုနှစ်တွင် မတ်ပဲအထွက်နှုန်းများ ကောင်းမွန်လာပြီး တောင်သူများအကျိုးအမြတ်ပိုမိုရရှိလာကြောင်း သိရသည်။

**DOCA (ဧရာဝတီ)**

### ၁.၄.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၂၅၀ | ၁၆၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၇၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၃၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၀၅၀ | | ၇၅၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၅၅၀၀ | ၁၃၀၀ | ၁၀၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |
| ၄ | တောင်ကြီး | ၃၄၀၀ | ၃၂၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၈၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၂၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၄၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၅၀၀ | | ၅၇၀၀ | ၁၅၅၀၀ | ၅၉၀၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၈၀၀ | ၈၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၃၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၉၅၀ | | ၆၈၀၀ | ၁၇၀၀၀ | ၆၀၀၀ | ၁၃၅၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၄၀၀၀ | | ၆၂၀၀ | ၁၆၀၀၀ | ၆၀၅၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၆၄၀၀ | ၁၁၇၀၀ | ၈၄၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၂၀၀ | ၇၁၀၀ | ၃၆၀၀ | ၃၄၀၀ | ၄၅၀၀ | ၁၁၅၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၁၀ | ရန်ကုန် | ၃၈၀၀ | | ၅၆၀၀ | ၁၆၀၀၀ | ၅၆၀၀ | ၁၃၀၀၀ | ၃၆၀၀ | ၁၇၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၆၀၀ | ၆၀၀၀ | ၂၈၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၆၅၀ | | ၅၃၅၀ | ၁၆၀၀၀ | ၅၆၈၀ | ၅၅၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၈၀၀ | ၆၂၀၀ | ၆၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၂၅၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၇၀၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၃၆၀၀ | ၃၂၀၀ | ၆၄၀၀ | ၁၃၅၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၆၉၀၀ | ၇၂၀၀ | ၄၅၀၀ | ၂၈၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မန္တလေး | ၄၅၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၀၅၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၈၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၅၈၀၀ | ၁၄၀၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀ | ၇၅၀၀ | ၈၃၀၀ | ၄၀၀၀ | ၂၂၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၇၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၃၅၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၁၁၅၀၀ | ၉၀၀၀ | ၅၅၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၅၀၀ | ၄၈၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၈ | ပြည် | ၃၄၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၈၀၀၀ | ၂၆၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | | ၆၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၄၀၀ | ၃၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၂၀၀ | | ၅၅၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၂၀၀၀ | ၂၇၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၆၃၀၀ | ၃၇၀၀ | ၂၂၀၀ | ၄၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၆၅၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၄၅၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၄၀၀၀ | ၂၇၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၆၅၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၃၀၀၀ | ၂၂၀၀ | ၁၄၅၀၀ | ၁၂၀၀၀ | ၆၂၀၀ | ၆၂၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၂၀၀ | ၂၇၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၆၀၀ | ၃၂၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၄၂၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | | ၁၅၀၀၀ |

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ (၈၇) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ






**နေပြည်တော် မေ ၁**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ (၈၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိပြည်ထောင်စုရာထူးဝန်အဖွဲ့ စုပေါင်းခန်းမ၌ ကျင်းပသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်**

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်နှင့်ဇနီး၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးဆန်းမြင့်နှင့်ဇနီး၊ ဒေါ်ခင်မျိုးမြင့်၊ ဦးရဲနိုင်နှင့်ဇနီး၊ ဦးစိုးတင့်နှင့်ဇနီး၊ သူရဦးဘိုနီနှင့်ဇနီး၊ ဦးကျော်မျိုးထွဋ်နှင့်ဇနီး၊ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသူများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။ အခမ်းအနားတွင် အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်က အမှာစကားပြောကြားပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့၌ နိုင်ငံတော်အစိုးရမှချီးမြှင့်အပ်နှင်းသည့် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ အငြိမ်းစား အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

**ပျော်ပွဲရွှင်ပွဲများ ကျင်းပ**

ထို့နောက် အဖွဲ့ဝင်များက ဝန်ထမ်းလုပ်သက်နှစ် (၃၀)ပြည့်သူများ၊ အဖွဲ့အဆင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနှင့် ရုံးလုပ်ငန်းလက်စွဲ ရေးဖြေစာမေးပွဲတွင် ဆုရရှိသူများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သည့်သင်တန်းများ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသူများ၊ နေပြည်တော် ဝန်ထမ်းအိမ်ခန်းသန့်ရှင်းသပ်ရပ်မှု ဆုရရှိသူများ၊ မီးဘေးလုံခြုံရေးဆိုင်ရာ မီးငြိမ်းသတ်စက်ကိုင်တွယ်အသုံးပြုခြင်း ကျွမ်းကျင်မှုစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသည့် ဝန်ထမ်းအဖွဲ့များနှင့် ၂၀၂၄ ခုနှစ် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ကိုယ်စားပြု လွန်ဆွဲ(အမျိုးသားအသင်း)တို့ကို ဆုများ ပေးအပ်ချီးမြှင့်ပြီး ဝန်ထမ်းများအတွက် ကံစမ်းမဲဆုများချီးမြှင့်ကာ အဆိုပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပပေးသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် တောင်ငူ - နေပြည်တော် ရထားလမ်းပိုင်း မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး အဆင့်မြှင့်တင်ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် မြန်မာ့မီးရထား အထွေထွေမန်နေဂျာများ၊ တိုင်းတာဝန်ခံအရာရှိများနှင့်အတူ ယနေ့တွင် တောင်ငူ-နေပြည်တော် ရထားလမ်းပိုင်း မိုင်နှုန်း မြှင့်တင်ပြေးဆွဲနိုင်ရေး အဆင့်မြှင့်တင်ပြုပြင်နေမှု၊ အဆိုပါ ရထားလမ်းပိုင်းရှိ ဘူတာများ၊ ယာဒ်ဝင်းများနှင့် ရထားလမ်းတံတားများ ကြည့်ရှုစစ်ဆေးသည်။

**ဇလီဖားတုံးများ အမြန်လဲလှယ်**

ဦးစွာ ဒုတိယဝန်ကြီးသည် တောင်ငူ - နေပြည်တော် ရထားလမ်းပိုင်း၌ မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး အဆင့်မြှင့်တင်ပြုပြင်နေမှု အခြေအနေများကို RBE ရထားဖြင့် လိုက်ပါစီးနင်း၍ စစ်ဆေးပြီး(**အပေါ်ပုံ**) ရထားလမ်းကောင်းမွန်ရန်အတွက် ကျောက်ပါကင်ရိုက်ခြင်းသည် အဓိကကျ အရေးပါသည့် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည့်အတွက် စနစ်တကျ ကျောက်ဖြည့်တင်း၍ Hand Tamping Machine အပြင် Automatic Leveling, Lining & Tamping Machine (ALLTM) စက်ကြီးများဖြင့် ကျောက်ပါကင်ရိုက်ခြင်းလုပ်ငန်းကို သေချာစွာ ဆောင်ရွက်ရန်၊ ကွေ့နေရာများတွင် Alignment နှင့် Super Elevations များ မှန်ကန်မှုရှိစေရေး စနစ်တကျ ပြုပြင်ဆောင်ရွက်သွားရန်၊ Bolt & Nut များ ကောင်း/မကောင်း စစ်ဆေး၍ လဲလှယ်သွားရန်နှင့် တံတားများရှိလဲလှယ်ရန် ကျန်သည့် ဆွေးမြေ့နေသည့် သစ်သားဇလီဖားတုံးများ အမြန်လဲလှယ် ဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးမှာကြားသည်။

**စနစ်တကျစစ်ဆေး**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တောင်ငူမီးရထားတိုင်းရုံး၌ မြန်မာ့မီးရထားတိုင်းအဆင့် အရာထမ်းများနှင့် တွေ့ဆုံ၍ မိမိတိုင်းနယ်မြေအတွင်း ရထားမတော်တဆမှုများဖြစ်ပွားမှု လျော့နည်းပပျောက်စေရေးအတွက် ဝန်ထမ်းများ မွမ်းမံသင်တန်းပေးခြင်း၊ Maintenance Manual များအတိုင်း ပြုပြင်ထိန်းသိမ်းခြင်းများ ပုံမှန်ဆောင်ရွက်ခြင်း၊ Simi Mechanize စနစ်ဖြင့် ရထားလမ်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ ခရီးသွားပြည်သူများကို ဝန်ဆောင်မှုပေးရာတွင်လည်း Service Manual များအတိုင်း လိုက်နာဆောင်ရွက်ရန်၊ ဘူတာယာဒ်ဝင်းနှင့် ရထားလမ်းတစ်လျှောက်ရှိ ဌာနပိုင်ပစ္စည်းများ ပျောက်ဆုံး/ ပျက်စီးဆုံးရှုံးမှု မဖြစ်စေရေး ရထားရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ စနစ်တကျစစ်ဆေး ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့ပြင် ရထားများ ဝင်ချိန်/ထွက်ချိန်မှန်ကန်စေရေး၊ ဘူတာများ သန့်ရှင်းသပ်ရပ်မှုရှိစေရန်နှင့် ရထားစီး ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ နားနေသွားလာနိုင်အောင် စီစဉ်ဆောင်ရွက်သွားရန်၊ ဝန်ထမ်းနေအိမ်လိုင်းခန်းများအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး ပုံမှန်ရှင်းလင်း ဆောင်ရွက်သွားရန်၊ အိမ်ရာကြီးကြပ်ရေးအဖွဲ့ စနစ်တကျဖွဲ့စည်း၍ ပုံမှန်စစ်ဆေးပြီးပျက်စီးမှုများ ပြန်လည်ပြုပြင် ဆောင်ရွက်သွားရန်နှင့် မြန်မာ့မီးရထားရှိဆေးရုံ၊ ဆေးပေးခန်းများတွင် ဝန်ထမ်းမိသားစုများ ပုံမှန်ဆေးကုသနိုင်ရေး စနစ်တကျ စီစဉ်ဆောင်ရွက်ပေးသွားရန်တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ) ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)သို့ ရောက်ရှိရာ စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု၊ လေးထောင့်ပုံ သံမဏိချောင်း ထုတ်လုပ်ခဲ့မှု၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ သံမဏိများအား လျာထားချက် ပြည့်မီအောင် ထုတ်လုပ်နိုင်ရေးအတွက် စီမံဆောင်ရွက် ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။



တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း သံမဏိချောင်းများ လျာထားချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရေးအတွက် စက်ပစ္စည်းကိရိယာများ ကောင်းမွန်ရန် လိုအပ်၍ သံရည်ကျိုအလုပ်ရုံနှင့် အထောက်အကူပြုအလုပ်ရုံတို့ရှိ စက်ပစ္စည်းကိရိယာများအား စဉ်ဆက်မပြတ် စစ်ဆေးပြုပြင်ရန်၊ ထို့ပြင် စက်အရန်ပစ္စည်းများနှင့် ကုန်ကြမ်းများကိုလည်း လိုအပ်ချိန်တွင် အဆင်သင့်အသုံးပြုနိုင်ရေးအတွက် ကြိုတင်ဝယ်ယူထားရန်၊ သံမဏိချောင်းများ လျာထားချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရေးအတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်ရန်၊ ဝန်ထမ်းများ သံမဏိထုတ်လုပ်သည့် နည်းစဉ်များကိုလည်း လုပ်ငန်းခွင်မပြတ် လေ့ကျင့်သင်ကြားပေးရန်၊ သံရည်ကျိုမီးဖိုများတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများကို ဖြည့်စွက်အစာများ ကျွေးမွေးသွားရန်၊ စက်ရုံ၊ စက်ပစ္စည်း၊ ဝန်ထမ်း၊ စာရွက်စာတမ်း၊ သတင်းလုံခြုံမှု ရှိစေရေး အထူးအလေးထား ဆောင်ရွက်သွားရန်၊ တွေ့ကြုံရမည့် အခက်အခဲများကို စုပေါင်းအားဖြင့် ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်ရန်၊ စီမံကိန်းအဆင့်(၂)နှင့် စီမံကိန်း အဆင့်(၂-က) တို့ရှိ စက်တပ်ဆင်ခြင်း လုပ်ငန်းများကိုလည်း သတ်မှတ်အချိန်ဇယားများအတိုင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊ ပူပြင်းခြောက်သွေ့သောရာသီဥတုသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက်ရေးဆွဲထားရှိသည့် မီးဘေးအန္တရာယ် ကာကွယ်ရေး စီမံချက်အတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ရန်နှင့် မီးငြိမ်းသတ်ရေး အထောက်အကူပြုပစ္စည်းများကို ပြည့်စုံအောင် ဖြည့်ဆည်းထားရန် မှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် သံမဏိချောင်းများ ထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အတွင်းရှိ ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် တပ်ကုန်းစာဖြေဌာနတွင် စာမေးပွဲကြီးကြပ်ရေးဆရာတော်များနှင့် စာဖြေသံဃာ၊ သီလရှင်များအား ဖူးမြော်ကြည်ညို

နေပြည်တော် ဧပြီ ၁

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် တပ်ကုန်းစာဖြေဌာန အောင်ဆန်းခန်းမ၌ အစိုးရဓမ္မာစရိယစာမေးပွဲ ဖြေဆိုလျက်ရှိသော သံဃာတော်များနှင့် သီလရှင်များကို သွားရောက်ဖူးမြော်ကြည်ညိုသည်။**

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းစာဖြေဌာနရှိ အစိုးရဓမ္မာစရိယ စာမေးပွဲကြီးကြပ်ရေး ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကာ စာဖြေဌာနအတွက် နဝကမ္မအလှူငွေကျပ် ငါးသိန်း ဆက်ကပ်လှူဒါန်းပြီး အစိုးရဓမ္မာစရိယစာမေးပွဲ ဖြေဆိုတော်မူကြသော သံဃာတော်များနှင့် သီလရှင်များအား လှည့်လည်ဖူးမြော်ကြည်ညိုသည်။ **(အပေါ်ပုံ)**

၂၀၂၄ ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲကို တပ်ကုန်းစာဖြေဌာန၌ မတ် ၂၈ ရက်မှ စတင်၍ ကျင်းပဖြေဆိုလျက်ရှိရာ ယနေ့ ဓမ္မသင်္ဂဏီပါဠိ အဋ္ဌကထာကျမ်း (ပထမနေ့)တွင် စာရင်းသွင်း ၈၉ ပါး၊ ဖြေဆို ၆၅ ပါးတို့ ဝင်ရောက်ဖြေဆိုတော်မူခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၇၃ ဒသမ ၀၃ ရာခိုင်နှုန်း ဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**

# အုတ်တွင်းမြို့နယ်၌ ရှေးဦးသူနာပြုစုနည်းသင်တန်းဖွင့်

**အုတ်တွင်း ဧပြီ ၁**

အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်း(ခွဲ)တို့ ပူးပေါင်း၍ ရှေးဦးသူနာပြုစုနည်းသင်တန်းကို မြို့နယ်လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ဧပြီ ၁ ရက်က ဖွင့်လှစ်သည်။

သင်တန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက အမှာစကားပြောကြားပြီး မြို့နယ် ကြက်ခြေနီအသင်း(ခွဲ) ဥက္ကဋ္ဌ ဦးခင်မောင်ချိုက ကျောင်းသား ကျောင်းသူများ ကြက်ခြေနီအသိပညာနှင့် ရှေးဦးပြုစုနည်းအတတ်ပညာ ပြန့်ပွားစေရန် ဖွင့်လှစ်ပေးခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းသားကျောင်းသူများအား မြို့နယ်ကြက်ခြေနီအသင်း(ခွဲ) အတွင်းရေးမှူး ဦးစောမင်းလှိုင်က ရှေးဦးသူနာပြုစုနည်းများကို သင်ကြားပို့ချသည်။

အုတ်တွင်းမြို့နယ်၌ ယခုနှစ်တွင် ဧပြီ ၁ ရက်မှ ၃ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၃ ဦး တက်ရောက် သင်ယူလျက်ရှိကြောင်း သိရသည်။

**အေးမင်းရည်စော(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံစာတတ်မြောက်ရေး တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဖွင့်ပွဲသို့ တက်ရောက်

**မန္တလေး ဧပြီ ၁**

မန္တလေးတိုင်းဒေသကြီး ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ စာတတ်မြောက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ပါမောက္ခချုပ်များ၊ သင်တန်းနည်းပြ၊ ကြီးကြပ်နှင့် သင်တန်းသား ဆရာ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ပညာရေးအလေးထားဆောင်ရွက်နေ**

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်က နိုင်ငံသားတိုင်း စာတတ်မြောက်ရေး၊ အတန်းပညာတတ်မြောက်ရေးစသည့် ပညာရေးဆိုင်ရာများကို အလေးထားဆောင်ရွက်နေပါကြောင်း၊ ကျေးလက်နေ ပြည်သူများနှင့် မြို့ပြနေပြည်သူများ၏ စာတတ်မြောက်မှု ကွာခြားချက်နည်းနိုင်သမျှ နည်းအောင် စီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ နွေရာသီကျောင်းပိတ်ရက်တွင် ယခင် "အ" သုံးလုံးကျေ သင်တန်းကဲ့သို့ စာတတ်မြောက်ရေးလှုပ်ရှားမှုကို အခြေခံပညာ ဆရာ ဆရာမများ၊ တက္ကသိုလ်များမှ စေတနာရှင် ကျောင်းသားကျောင်းသူများ၊ ပညာရေးကောလိပ်မှ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပညာတတ်များက နိုင်ငံတစ်ဝန်း အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သင်တန်းတွင် ဗဟိုအဆင့် တက်ရောက်ခဲ့သည့် နည်းပြများက ပြန်လည်ပို့ချပေးမည်ဖြစ်ကြောင်း။

**ဖုန်းနှင့် သင်ယူမှုပြုလုပ်နိုင်စေရန်**

စာသင်ဝိုင်းများတွင် အပြည့်အဝပြန်လည်ပို့ချနိုင်အောင် စိတ်ပါဝင်စားစွာဖြင့် သင်ယူကြရမည်ဖြစ်ကြောင်း၊ "ဝ၊ ထ၊ က၊ လ၊ သ" Mobile Application အသုံးပြုသင်ကြားနည်းစနစ်ကို စာသင်သားများ ကိုယ်တိုင်ဖုန်းနှင့် သင်ယူမှုပြုလုပ်နိုင်စေရန် ရှင်းလင်းပို့ချသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က စာသင်သားသုံး စာအုပ်များ၊ စာရေးကိရိယာများ၊ စာသင်ဝိုင်းသုံး ထောက်ပံ့ပစ္စည်းများကို စာသင်ဝိုင်းများအတွက် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်၏ ရည်မှန်းချက်ကို ပေါက်မြောက်အောင်မြင်အောင် အားလုံးတက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စာတတ်မြောက်ရေး အသိပညာပေးဗီဒီယိုလမ်း Video Clip ကို ကြည့်ရှုပြီး သင်တန်းနည်းပြများ၊ ကြီးကြပ်ရေးမှူးများနှင့် သင်တန်းသား သင်တန်းသူများအား ရင်းနှီးစွာနှုတ်ဆက်အားပေးခဲ့ကြောင်းနှင့် နည်းပြသင်တန်းကို ဧပြီ ၃ ရက်အထိ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၌ သမ္မတမိသားစု (ဟိုတယ်)သစ်ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၁**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သမိုင်းဘူတာရုံလမ်း၌ သမ္မတမိသားစု (ဟိုတယ်)သစ်ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ သမ္မတမိသားစုမှ ဦးသိန်းနိုင်နှင့် တာဝန်ရှိသူများက ဟိုတယ်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနန္ဒအောင်၊ သမ္မတမိသားစုမှ ဦးသိန်းနိုင်၊ ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသိန်းဝင်းတို့က မုဒိတာစကား ပြောကြားကြပြီး မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၊ အထွေထွေအတွင်းရေးမှူး ဦးနေအောင်ကိုက ဟိုတယ်ဆိုင်ရာများနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြကာ သမ္မတမိသားစု ဟိုတယ်ဒါရိုက်တာအဖွဲ့ဝင် ဦးနေမင်းထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ရန်ကုန်တိုင်း ဒေသကြီး ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသိန်းဝင်းက "ဟိုတယ်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတော်ရဲ့မူဝါဒနဲ့အညီ ဝန်ကြီးဌာနနဲ့ ဟိုတယ်လုပ်ငန်းရှင် အသင်းတွေက ဝိုင်းဝန်းပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်နေတာကြောင့် အခုဆိုရင် ဟိုတယ်လုပ်ငန်းက ၈၀ ရာခိုင်နှုန်းလောက် လည်ပတ်နေပါပြီ။ အခုပွင့်လင်းရာသီဆိုရင် ဟိုတယ်လုပ်ငန်းတွေက ရန်ကုန်၊ ချောင်းသာ၊ ပုသိမ်၊ ကလော၊ ပုဂံနဲ့ မန္တလေးတွေမှာ အဆင်ပြေလာနေပါတယ်၊ အခုနောက်ပိုင်း ခရီးသွားလာမှု ပုံစံပြောင်းလာတာကြောင့် ဆေးကုတာဖြစ်ဖြစ်၊ ခရီးသွားတာဖြစ်ဖြစ်၊ ကျောင်းတက်တာဖြစ်ဖြစ်၊ သံရုံးဗီဇာဝင်တာဖြစ်ဖြစ် ဟိုတယ်မှာ တည်းကြတာများတယ် ခရီးသွားလုပ်ငန်းမှာ နိုင်ငံသားတွေ ပိုရရှိရေးကိုလည်း ဆက်လက်ကြိုးစားနေပါတယ်"ဟု ပြောသည်။



**ခရီးသွားများ တည်းခို**

ရန်ကုန်တိုင်း ဒေသကြီးအတွင်း၌ ဝန်ကြီးဌာနမှ လိုင်စင်ရယူထားသည့် ဟိုတယ်အလုံးအရေအတွက် ၄၉၁ လုံးကျော်ရှိပြီး အခန်းပေါင်း ၂၄၀၀၀ ကျော်ရှိကြောင်းသိရသည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း လေကြောင်းလိုင်းများမှတစ်ဆင့် လာရောက်လည်ပတ်လျက်ရှိသော ပြည်ပခရီးသွား ဧည့်သည်များသည် ရန်ကုန်မြို့ရှိ ဟိုတယ်များ၌ ခရီးသွားဧည့်သည် ၃၆၀၀၀ ကျော်နှင့် မန္တလေးမြို့ရှိ ဟိုတယ်များ၌ ခရီးသွားဧည့်သည့် ၁၁၀၀၀ ကျော် တည်းခိုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုင်းတုံမြို့၌ မှုခင်းမှတ်တမ်း (အရာရှိ) မွမ်းမံသင်တန်းဖွင့်

**ကျိုင်းတုံ ဧပြီ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ဒုတိယရဲတပ်ဖွဲ့ (ကျိုင်းတုံ) မှ ကြီးမှူးဖွင့်လှစ်သည့် မှုခင်းမှတ်တမ်း (အရာရှိ)မွမ်းမံသင်တန်း (၁/၂၀၂၄)ဖွင့်ပွဲကို ဧပြီ ၁ ရက်က သစ်တစ်ပင်တောင် မြဝတီရဲသင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် ပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး(ကျိုင်းတုံ) ရဲမှူးကြီး အေးသိန်းက အမှာစကား ပြောကြားပြီး သင်တန်းသို့ ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့ (ကျိုင်းတုံ)၊ ခရိုင်၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် သီးခြားရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်အရာရှိ ၁၅ ဦး တက်ရောက်ကာ မှုခင်းမှတ်တမ်းဆိုင်ရာ သင်ခန်းစာများကို ဧပြီ ၁ ရက်မှ ၅ ရက်အထိ သင်ကြားပို့ချသွားမည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# ဂါဇာ၏အကြီးဆုံးအယ်ရှီဖာဆေးရုံမှ တပ်ဖွဲ့များ အစ္စရေး ရုပ်သိမ်း

**ဂျေရုဆလင် မေ ၁**

ဂါဇာကမ်းမြောင်ရှိ အယ်ရှီဖာဆေးရုံမှ အစ္စရေးတပ်ဖွဲ့များကို ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း မေ ၁ရက်တွင် အစ္စရေးစစ်ဘက်က ထုတ်ပြန်ကြေညာခဲ့သည်။ အစ္စရေးတပ်ဖွဲ့များသည် ဂါဇာကမ်းမြောင်၏ အကြီးဆုံးဆေးဘက်ဆိုင်ရာ စင်တာကို ရက်သတ္တနှစ်ပတ်ကြာ ဝင်ရောက်စီးနင်းမှုကို အဆုံးသတ်လိုက်ခြင်းဖြစ်သည်။

ဂါဇာကမ်းမြောင်မြောက်ပိုင်းတွင် တည်ရှိပြီး လူနာထောင်ပေါင်းများစွာနှင့် အိုးအိမ်မဲ့ ပါလက်စတိုင်းတို့၏ ခိုလှုံရာဖြစ်လာသော အဆိုပါ ဆေးရုံကြီးကို ပစ်မှတ်ထားကာ အစ္စရေးတို့က တင့်ကားများနှင့် လေကြောင်းတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တက်ဒရို့စ်အက်ဟာနွန် ဂီဘရီယက်ဆုက ဝင်ရောက်စီးနင်းမှု စတင်ဖြစ်ပွားပြီးနောက်ပိုင်း အယ်ရှီဖာဆေးရုံ၌ လူနာ ၂၁ ဦးထက်မနည်း သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ပြောသည်။ ဆေးရုံအနီးတစ်ဝိုက်တွင် စစ်ရေးဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ဆိုရှယ်မီဒီယာ ပလက်ဖောင်းတွင် ၎င်းက ရေးသားဖော်ပြထားသည်။

ထို့အပြင် ကလေးငယ် လေးဦးနှင့် အရေးကြီးလူနာ ၂၈ ဦးအပါအဝင် လူနာ ၁၀၇ ဦးထက်မနည်းမှာ ဆေးရုံအတွင်း ပိတ်မိနေကြောင်း၊ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ မရရှိကြောင်းနှင့် အများစုမှာ ရောဂါပိုးကူးစက်ခံနေရပြီး ရေဓာတ်ခန်းခြောက်နေကြောင်း ၎င်းက ဆက်ပြောသည်။

ဆင်ဟွာ



အစ္စရေးတပ်ဖွဲ့များရုပ်သိမ်းလိုက်သည့် ဂါဇာရှိ အယ်ရှီဖာဆေးရုံ၌ ထိခိုက်ပျက်စီးမှုများကို တွေ့ရစဉ်။





# စင်ကာပူနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ယခုနှစ်ပထမသုံးလပတ်အတွင်း နှစ်ဆကျော် မြင့်တက်လာ

**စင်ကာပူ မေ ၁**

စင်ကာပူနိုင်ငံ၌ ယခုနှစ် ပထမသုံးလပတ် ကာလအတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၅၀၀၀ ကျော်ရှိပြီး ယမန်နှစ် အလားတူကာလက သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၂၃၆၀ ရှိသည့်အတွက် နှစ်ဆကျော် မြင့်တက်လာကြောင်း မတ် ၃၁ ရက်တွင် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အေဂျင်စီ (အင်န်အီးအေ)၏ ထုတ်ပြန်ချက်အရ သိရသည်။

ကျွန်းနိုင်ငံတစ်နိုင်ငံဖြစ်သော စင်ကာပူနိုင်ငံ၌ မတ် ၂၅ ရက်အထိ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ခုနစ်ဦးရှိကြောင်း အင်န်အီးအေ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ အရေအတွက်မှာ ၂၀၂၂ ခုနှစ်တွင် ၃၂၁၇၃ ဦးအထိရှိပြီး ၂၀၂၃ ခုနှစ်တွင် ၉၉၄၉ ဦးသာ ရှိသည့်အတွက် ရောဂါဖြစ်ပွားမှု ကျဆင်းလာကြောင်း သိရသည်။

အင်န်အီးအေသည် ခြင်ပေါက်ပွားမှုများအတွက် တားဆီးရေး ကြိုးပမ်းအားထုတ်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် သွေးလွန်တုပ်ကွေးရောဂါ တိုက်ဖျက်ရန် ပူးပေါင်းပါဝင်ရေးအတွက်လည်း ပြည်သူများအား တောင်းဆိုထားသည်။

ဆင်ဟွာ

# ဂါဇာကမ်းမြောင်ဒေသမှ ကလေးများအတွက် သီရိလင်္ကာနိုင်ငံက အမေရိကန်ဒေါ်လာ တစ်သန်းကျော် လှူဒါန်း

**ကိုလံဘို မေ ၁**

သီရိလင်္ကာအစိုးရသည် ဂါဇာကမ်းမြောင်ဒေသ၌ ပဋိပက္ခကြောင့် ထိခိုက်ခံစားနေရသည့် ကလေးများကို အကူအညီပေးရန် အမေရိကန်ဒေါ်လာ တစ်သန်းကို လှူဒါန်းကြောင်း သမ္မတ၏ မီဒီယာဌာနခွဲ(ပီအမ်ဒီ)က မေ ၁ ရက် သတင်းထုတ်ပြန်ချက်တွင် ပြောကြားသည်။

သီရိလင်္ကာသမ္မတ ရာနေးလ် ဝစ်ခ်ရီမီဆင်းဟီက သီရိလင်္ကာနိုင်ငံရှိ ပါလက်စတိုင်းသံအမတ် ဇူဟဲအမ်အိတ်ချ်ဇိဒ်အား ချက်လက်မှတ်ပုံစံဖြင့် လှူဒါန်းခဲ့သည်ဟု ပီအမ်ဒီက ပြောကြားသည်။



ဂါဇာ ကမ်းမြောင်ဒေသ၌ ကလေးများကို အကူအညီပေးရန် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလမှစကာ သမ္မတ ဝစ်ခ်ရီမီဆင်းဟီက ရန်ပုံငွေစတင်ပေးအပ်ခဲ့ရာ ယခုအချိန်အထိ သီရိလင်္ကာနိုင်ငံမှ ရူပီးသန်း ၂၀ ကျော် (အမေရိကန်ဒေါ်လာ ၆၆၀၀၀ ခန့်) လက်ခံရရှိပြီဖြစ်ကြောင်းနှင့် အဆိုပါရန်ပုံငွေများကို လာမည့်ရက်များအတွင်း ပါလက်စတိုင်းအစိုးရထံသို့ တရားဝင်လွှဲပြောင်းပေးရန် စီစဉ်ထားကြောင်း ပီအမ်ဒီက ဆက်လက်ပြောကြားသည်။

ဆင်ဟွာ

# ဗီယက်နမ်နိုင်ငံ၌ ပထမသုံးလအတွင်း ပင်လယ်စာတင်ပို့မှုမှ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံရရှိ

**ဟနွိုင်း မေ ၁**

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမသုံးလအတွင်း ပင်လယ်စာထုတ်ကုန်များတင်ပို့ခြင်းမှ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံနီးပါးရရှိကြောင်း ဗီယက်နမ် ပင်လယ်စာတင်ပို့သူများနှင့် ထုတ်လုပ်သူများအသင်းကို ကိုးကားပြီး ဗီယက်နမ်သတင်းအေဂျင်စီက မေ ၁ ရက်တွင် ထုတ်ပြန်ထားသည်။

ဇန်နဝါရီလမှ မတ်လအတွင်း ပုစွန်ဆိတ်တင်ပို့ခြင်းမှရရှိသည့် ဝင်ငွေမှာ ဒေါ်လာ သန်း ၆၉၀ ကျော်ရှိမည်ဟု ခန့်မှန်းထားပြီး ယင်းပမာဏမှာ တစ်နှစ်ထက်တစ်နှစ် ၂၄ ရာခိုင်နှုန်းကျော် တိုးလာကြောင်း၊ Tra ငါးတင်ပို့မှု၏ဝင်ငွေမှာ ဒေါ်လာ ၄၂၄ သန်းနီးပါးရှိပြီး တစ်နှစ်ထက်တစ်နှစ် ၀ ဒသမ ၄ ရာခိုင်နှုန်းတိုးလာကြောင်းနှင့် တူနာငါးတင်ပို့မှု၏ ဝင်ငွေမှာ ဒေါ်လာ သန်း ၂၂၀ ကျော်ရှိသဖြင့် တစ်နှစ်ထက်တစ်နှစ် ၂၂ ဒသမ ၂ ရာခိုင်နှုန်းတိုးလာကြောင်း အဆိုပါအသင်းက ပြောကြားသည်။ အမေရိကန်၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့သည် ယင်းကာလအတွင်း ဗီယက်နမ်ပင်လယ်စာ ထုတ်ကုန်များကို အများဆုံးတင်သွင်းသည့်နိုင်ငံများဖြစ်ကြောင်း အသင်း၏ ဆက်သွယ်ရေး ဒါရိုက်တာလီဟန်က ပြောကြားသည်။ ဗီယက်နမ်နိုင်ငံသည် ၂၀၂၄ ခုနှစ်အတွင်း ပင်လယ်စာတင်ပို့မှုမှာ ဒေါ်လာ ၉ ဒသမ ၅ ဘီလီယံ ရရှိရန် မျှော်မှန်းထားကြောင်း ဒေသတွင်း မီဒီယာများက ဖော်ပြထားသည်။

ဆင်ဟွာ



လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးနေသည်ကို တွေ့ရစဉ်။

# အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂါလ်ပြည်နယ်၌ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ငါးဦးသေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရရှိ

**နယူးဒေလီ မေ ၁**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း အနောက်ဘင်္ဂါလ်ပြည်နယ်၌ လေဆင်နှာမောင်း တိုက်ခတ်မှုဖြစ်ပွားသဖြင့် ငါးဦးထက်မနည်း သေဆုံးပြီး အခြား လူ ၁၀၀ ကျော်ဒဏ်ရာရရှိကြောင်း အာဏာပိုင်များက မေ ၁ ရက်တွင် ပြောကြားသည်။

ဂျလ်ပေဂူရီခရိုင်ရှိ နေရာအများအပြား၌ မတ် ၃၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲဝန်းကျင်က လေဆင်နှာမောင်း တိုက်ခတ်ခဲ့ရာ နေအိမ်အများအပြား ပျက်စီးခဲ့ကြောင်း၊ ဂျလ်ပေဂူရီမြို့နှင့် အနီးနားရှိ မီနာဂူရီမြို့တို့တွင်လည်း သစ်ပင်များ လဲကျခဲ့ကြောင်း သိရသည်။

ခရိုင်အုပ်ချုပ်ရေးမှူး၊ ရဲတပ်ဖွဲ့၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး တာဝန်ရှိသူများနှင့် အမြန်တုံ့ပြန်ရေး အဖွဲ့များက လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ မုန်တိုင်းဒဏ်သင့်သည့် ပြည်သူများကိုလည်း ဘေးကင်းသည့် နေရာများသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း အနောက်ဘင်္ဂါလ်ပြည်နယ်ဝန်ကြီးချုပ် မာမာတာဘန်နားဂျီက ပြောကြားသည်။ မုန်တိုင်းနှင့်အတူ မိုးသီးမုန်တိုင်းများလည်း တိုက်ခတ်သဖြင့် နေအိမ် ၈၀၀ ပျက်စီးပြီး သစ်ပင်များနှင့် ဓာတ်တိုင်များလည်း လဲကျခဲ့ကြောင်း ဂျလ်ပေဂူရီမှ ရရှိသည့် သတင်းများအရ သိရသည်။

ဆင်ဟွာ

# ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနည်းပြသင်တန်း ဖွင့်ပွဲကျင်းပ

**ပုသိမ် ဧပြီ ၁**

ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံ စာတတ်မြောက်ရေးလုပ်ငန်း နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ ရတနာတန်ဆောင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ဧပြီ ၈ရက်မှ မေ ၁၉ ရက်အထိ သက်ဆိုင်ရာစခန်းအသီးသီးရှိ စာသင်ဝိုင်း ၁၇၇၁ ဝိုင်းတွင် စာသင်သား ၂၅၀၁၆ ဦးအား ဆရာ ဆရာမ ၁၇၇၁ဦး၊ ကြီးကြပ် ၂၁၇ ဦးတို့က ရက်ပေါင်း ၄၀ ကြာ တစ်နေ့လျှင် ပျမ်းမျှ သုံးနာရီနှုန်းဖြင့် နာရီပေါင်း ၁၂၀ သင်ကြားပို့ချသွားမည်ဖြစ်ပါကြောင်း၊ သင်ကြားမှု၊ သင်ယူမှုများကိုလည်း စနစ်တကျ မှတ်တမ်းထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

တိုင်းဒေသကြီး အဆင့် အခြေခံ စာတတ်မြောက်ရေး ဆင့်ပွားသင်တန်းကို ဧပြီ ၁ ရက်မှ ၃ ရက်အထိ သုံးရက်ကြာ သင်တန်းသား ၁၄၀ ကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကျောက်ဖြူမြို့၌ ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ကျောက်ဖြူ ဧပြီ ၁**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဖြူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမင်းသူက သင်္ကြန်ပွဲတော်ရက်များတွင် ဗဟိုမဏ္ဍပ်၌ ယိမ်းအက အလှအဖွဲ့များနှင့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဆင်နွှဲသွားမည်ဖြစ်ပါကြောင်း၊ ရေပက်ခံလာရောက်သူများအား ဌာနဆိုင်ရာများက စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးသွားမည်ဖြစ်ပါကြောင်း၊ အတာသင်္ကြန် ပွဲတော်ကို စည်းကမ်းရှိရှိ မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ စည်ကားသိုက်မြိုက်ပျော်ရွှင်စွာ ကျင်းပပေးနိုင်ရန်အတွက် ဌာနဆိုင်ရာများအနေဖြင့် မိမိတို့ ပါဝင်သောကော်မတီအဖွဲ့အလိုက် ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီအဖွဲ့များနှင့် ဌာနဆိုင်ရာများက မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ကဏ္ဍအလိုက်ဆောင်ရွက်ရမည့် အခြေအနေများ၊ မိမိတို့လုပ်ငန်းကော်မတီများ၏ လိုအပ်ချက်များကို ဆွေးနွေးအကြံပြုတင်ပြကြကြောင်း သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း(ပြန်/ဆက်)**

# နေပြည်တော်တွင် ဌာနဆိုင်ရာ သင်္ကြန်ယိမ်းအဖွဲ့များ သင်္ကြန်အကအလှများ ဇာတ်တိုက်လေ့ကျင့်လျက်ရှိ

**နေပြည်တော် ဧပြီ ၁**

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် ဌာနဆိုင်ရာများအလိုက် သင်္ကြန်ယိမ်းအဖွဲ့များဖြင့် သင်္ကြန်အကအလှများ ဇာတ်တိုက်လေ့ကျင့်နေကြပြီဖြစ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှလည်း "ခါသင်္ကြန် အဆိုအက" အစီအစဉ်ကို ယခင်နှစ်များနည်းတူ တင်ဆက်နိုင်ရေး သင်္ကြန်ယိမ်းအဖွဲ့များဖြင့် ရိုက်ကူးရေးစီစဉ် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီ ကိုယ်စားပြု သင်္ကြန်ယိမ်း အဖွဲ့များသည် နေပြည်တော် - တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လာရောက်၍ "ဖွံ့ဖြိုးဝေစည် နေပြည်တော် ကောင်စီ"၊ "ပိတောက်လက်ဆောင်" နှင့် "မြူမှောင်ဝေကင်း" တေးသီချင်း သုံးပုဒ်ဖြင့် ရိုက်ကူးခဲ့ကြပြီး **(အောက်ပုံ)** မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်သို့လည်း ဝင်ရောက်ကြည့်ရှုလေ့လာကြသည်။

ထို့ပြင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးမှ ဝန်ထမ်း ၂၀ ပါဝင်သည့် ယိမ်းအဖွဲ့များသည် ၎င်းတို့၏ ဌာနတွင် သင်္ကြန်တေးသီချင်းဖြင့် အကတိုက် လေ့ကျင့်လျက်ရှိရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ သွားရောက် သတင်းရယူရိုက်ကူးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈ ဦး တွေ့ရှိ

(၁-၄-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၄-၃-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၁-၃-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၈,၂၆၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၀) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဧပြီ ၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အကြမ်းဖက်သမားများကြောင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့် ဆုံးရှုံးခဲ့သူများအတွက် နိုင်ငံတော်မှ အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးမှု"** ခေါင်းစဉ်ဖြင့် ဧပြီ ၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်သမားများကို အလိုမရှိသော ငြိမ်းချမ်းစွာ နေထိုင်လိုသည့် ပြည်သူများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နွေကာလတွင် ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်ချက်

**နေပြည်တော် ဧပြီ ၁**

နွေကာလတွင် ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဧပြီ ၁ ရက်က ထုတ်ပြန်သော ကြိုတင်သတိပေးနှိုးဆော်ချက်အရ မြန်မာနိုင်ငံ အရပ်ရပ်တွင် နွေကာလဖြစ်သည့် ဧပြီလနှင့် မေလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံ့တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀အထိ တိုက်ခတ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နွေကာလဖြစ်သည့် ဧပြီလနှင့် မေလများအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။

**မြန်မာ့အလင်း**

# တာဝန်သိခရီးသွားဖော်ဆောင်ခြင်းဖြင့် နိုင်ငံခြားသားခရီးသွားများ ကြီးကြပ်စောင့်ရှောက်ရေး

မွေးကြူကြူ (ဘားအံမြေ)

**မြန်မာနိုင်ငံတွင် တာဝန်သိခရီးသွားလုပ်ငန်း ဖော်ဆောင်ခြင်းဖြင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများကို ကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အကြောင်း မျှဝေဖော်ပြလိုပါသည်။ "တာဝန်သိခရီးသွားလုပ်ငန်း ဖော်ဆောင်ခြင်း"နှင့် "နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားများကို မည်ကဲ့သို့ ကြီးကြပ်စောင့်ရှောက်ကူညီသလဲ" ဟူသည့် အချက်နှစ်ချက်အပေါ်အခြေခံ၍ ရေးသားတင်ပြသွားမည်ဖြစ်ပါသည်။**

## တာဝန်သိခရီးသွား ဆိုသည်မှာ

ပထမအချက်အနေဖြင့် တာဝန်သိခရီးသွား ဆိုသည်မှာ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်စဉ်တွင် ခရီးစဉ်ဒေသ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို လေးစားလိုက်နာခြင်း၊ သဘာဝပတ်ဝန်းကျင်အရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် လူမှုအသိုင်းအဝိုင်းများကို အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများ ရရှိဖြစ်ပေါ်စေပြီး **ခရီးသွားနှင့်ဒေသခံတို့အကြား နှစ်ဦးနှစ်ဖက် အကျိုးရှိစေရန် ဖန်တီးပေးသည့် စီးပွားရေးလုပ်ငန်း ကျင့်ဝတ်ဆိုင်ရာရွေးချယ်မှု**ဟု အဓိပ္ပာယ်ရပါသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် တာဝန်သိခရီးသွားလုပ်ငန်းမူဝါဒကို (၂၀၁၂) ခုနှစ်က ရေးဆွဲခဲ့ပြီး ရည်ရွယ်ချက်များချမှတ်ကာ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို ဦးစားပေးအဆင့်များ သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ယင်းကဲ့သို့ အရေးယူဆောင်ရွက်ရမည့်အချက်များအနက် ပထမအဆင့်ဦးစားပေးဖြစ်သည့် "နိုင်ငံတကာ ခရီးသွားဧည့်သည်များအတွက် ကျင့်ဝတ်စည်းကမ်း လိုက်နာရန်နှင့် ရှောင်ကြဉ်ရန် အချက်များအား ထုတ်ပြန်ပေးရန် " ဟူ၍ သတ်မှတ်ထားပြီး ပြည်တွင်းခရီးသွားများအတွက်သာမက နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားများအတွက်ပါ ဘေးအန္တရာယ်ကင်းကင်းဖြင့် လွယ်ကူအဆင်ပြေစွာလည်ပတ်နိုင်ရန် စီစဉ်ထားရှိပါသည်။

## ဆောင်ရန်/ရှောင်ရန်အချက်များ

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာလှည့်နိုင်ငံခြားသားခရီးသွားဧည့်သည်များနှင့် ပြည်တွင်း ဒေသခံများအကြား ဟန်ချက်ညီညီ ယဉ်ကျေးမှုများ ဖလှယ်ရာတွင် တာဝန်သိခရီးသွားလုပ်ငန်းဖြစ်သော ဆောင်ရန်/ရှောင်ရန်အချက်များကို သတ်မှတ်ထားရှိပါသည်။ အဓိကအနေဖြင့် ဒေသတွင်းဓလေ့ထုံးတမ်းများ လေးစားလိုက်နာရန်၊ ယဉ်ကျေးသိမ်မွေ့စွာဝတ်စားဆင်ယင်တတ်စေရန် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ တရားဝင်ဝက်ဘ်ဆိုက်ဖြစ်သော https://tourism.gov.mm တွင် အထူးတိုက်တွန်းထားပါသည်။




ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့၏ အသိပညာပေးလက်ကမ်းစာစောင်မျက်နှာဖုံး။

**❀ ကမ္ဘာလှည့်ခရီးသွားများသည် အထွတ်အမြတ်ထားရာနေရာများဖြစ်သည့် စေတီပုထိုးများ၊ ရှေးဟောင်းဘုရားများ၊ ဘာသာရေးအဆောက်အအုံများကို မဝင်မီ ဖိနပ်ချွတ်ခြင်း၊ ယဉ်ကျေးမှုနှင့် ကိုက်ညီသောဝတ်စားဆင်ယင်မှုများဖြင့် အဆောက်အအုံများပေါ်သို့ လည်ပတ်ခြင်း၊ ဖျော်ဖြေမှုတစ်ခုအနေဖြင့် ရှားပါးတောရိုင်းတိရစ္ဆာန်များ အသုံးပြုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ရှားပါးလိပ်ပြာ၊ သစ်ခွနှင့်သစ်ပင်ပန်းမန်များ မျိုးသုဉ်းပျောက်ကွယ်ခြင်း မဖြစ်ရလေအောင် ခရီးသွားအပန်းဖြေခြင်းဖြင့် သဘာဝအရင်းအမြစ်များ အလွန်အကျွံထုတ်ယူသုံးစွဲမှုမပြုဘဲ တာဝန်ယူမှုရှိသော ခရီးသွားခြင်းနှင့်အတူ ဒေသခံများအပေါ် လေးစားကူညီမှုကို ပြသရာလည်း ရောက်ပါသည်**

ထို့အပြင် ကမ္ဘာလှည့်ခရီးသွားများသည် အထွတ်အမြတ်ထားရာနေရာများဖြစ်သည့် စေတီပုထိုးများ၊ ရှေးဟောင်းဘုရားများ၊ ဘာသာရေးအဆောက်အအုံများကို မဝင်မီ ဖိနပ်ချွတ်ခြင်း၊ ယဉ်ကျေးမှုနှင့် ကိုက်ညီသောဝတ်စားဆင်ယင်မှုများဖြင့် အဆောက်အအုံများပေါ်သို့ လည်ပတ်ခြင်း၊ ဖျော်ဖြေမှုတစ်ခုအနေဖြင့် ရှားပါးတောရိုင်းတိရစ္ဆာန်များ အသုံးပြုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ရှားပါးလိပ်ပြာ၊ သစ်ခွနှင့် သစ်ပင်ပန်းမန်များ မျိုးသုဉ်းပျောက်ကွယ်ခြင်း မဖြစ်ရလေအောင် ခရီးသွားအပန်းဖြေခြင်းဖြင့် သဘာဝအရင်းအမြစ်များ အလွန်အကျွံထုတ်ယူသုံးစွဲမှုမပြုဘဲ တာဝန်ယူမှုရှိသော ခရီးသွားခြင်းနှင့်အတူ ဒေသခံများအပေါ် လေးစားကူညီမှုကို ပြသရာလည်း ရောက်ပါသည်။

ထို့အပြင် တာဝန်သိခရီးသွားများ ရှောင်ကြဉ်ရမည့် အချက်များဖြစ်သည့် မြန်မာ့ယဉ်ကျေးမှုအခြေခံများနှင့် ဆန့်ကျင်ဘက်ဖြစ်သော လူအများ၏အရှေ့တွင် အပြန်အလှန်အားဖြင့် ချစ်ခင်ပွေ့ဖက်၊ နမ်းရှုပ်မှုကိုပြသခြင်း၊ တန်ဖိုးထားသည့် ဦးခေါင်းကိုခြေ၊ လက်တို့နှင့် ပုတ်ခတ်ထိတွေ့ဆက်ဆံခြင်း၊ နိုင်ငံတော်အဆင့် အဆောက်အအုံများ၊ ခရီးသွားလုပ်ငန်းရဲတပ်ဖွဲ့များ (Tourism Police) ရှောင်တခင်စစ်ဆေးနေမှုများ (သို့မဟုတ်) ကန့်သတ်တားမြစ်ဧရိယာနေရာများကို ခွင့်ပြုချက်မရဘဲ ဓာတ်ပုံမှတ်တမ်းတင် ရိုက်ကူးခြင်းတို့ကို (အထူး) ရှောင်ကြဉ်ရပါမည်။

## တာဝန်သိစိတ်ဖြင့် စိတ်ချမ်းမြေ့စွာလည်ပတ်

ခရီးစဉ်များကို လည်ပတ်ရာတွင် E-Bike (သို့မဟုတ်) စက်ဘီး၊ အငှားယာဉ်များ အစရှိသည့် ဒေသခံတို့၏ သယ်ယူပို့ဆောင်ရေးယာဉ်များကို အသုံးပြု၍ ကူညီအားပေးခြင်း၊ ဒေသခံဧည့်လမ်းညွှန်များ၏ ဝန်ဆောင်မှုဖြင့် ခရီးသွားခြင်း၊ ဒေသခံလက်မှုအနုပညာများကိုလည်း အမှတ်တရလက်ဆောင်အဖြစ် ဝယ်ယူအားပေးခြင်း၊ ဒေသထွက်အစားအစာနှင့် သစ်သီးများကို သင့်တင့်မျှတသောဈေးနှုန်းဖြင့် ဝယ်ယူသုံးဆောင်အားပေးခြင်းနှင့် ခရီးစဉ်အတွင်း အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းတို့ဖြင့် မိမိအလိုရှိရာသို့ တာဝန်သိစိတ်ဖြင့် စိတ်ချမ်းမြေ့စွာ လည်ပတ်နိုင်ပါသည်။

ဤကဲ့သို့ ကမ္ဘာလှည့် ခရီးသွားများနှင့် ပြည်တွင်းခရီးသွားများက တာဝန်သိခရီးသွားလုပ်ငန်းကို ဖော်ဆောင်ပြီး လည်ပတ်မှသာ ဒေသတွင်း စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း၍ ရေရှည်တည်တံ့ခိုင်မြဲသော၊ တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာပြီး ခရီးသွားနှင့်ဒေသခံတို့ အပြန်အလှန်အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများ ဖြစ်ထွန်းလာမည် ဖြစ်ပါသည်။

## ကမ္ဘာလှည့်ခရီးသွားများကို ကြီးကြပ်စောင့်ရှောက် ဆောင်ရွက်နေမှုများ

ဒုတိယအချက်ဖြစ်သော နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားများကို ကြီးကြပ်စောင့်ရှောက်ဆောင်ရွက်နေမှုများအနေဖြင့် နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့်လည်း ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ပြောင်းလဲလာသော ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြေလျှော့မှုအခြေအနေများနည်းတူ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများ မြန်မာနိုင်ငံသို့ အဆက်မပြတ်လာရောက်လည်ပတ်နိုင်ရေးအတွက် ၂၀၂၂ ခုနှစ် ဧပြီလမှစ၍ လေကြောင်းလိုင်းများ စတင်ပျံသန်းပြေးဆွဲစေခြင်း၊ ခရီးသွားဈေးကွက် မြှင့်တင်ရေးအကောင်အထည်ဖော် ဆောင်ရွက်ချက်အနေဖြင့် အာဆီယံဒေသအတွင်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ ခရီးသွားမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ ကျင်းပပြုလုပ်ခြင်း၊ ဆိုရှယ်မီဒီယာ၊ ဒစ်ဂျစ်တယ်ပလက်ဖောင်းများမှ ဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသများအား ရိုက်ကူးတင်ဆက်ကြော်ငြာခြင်း၊ ခရီးသွားဆိုင်ရာ သတင်းအချက်အလက်များ၊ ပြည်ဝင်နှင့် ပြည်တွင်းခရီးသွား စစ်တမ်းများကောက်ခံ၍ စောင့်ကြည့်စစ်ဆေးခြင်း၊ ခရီးသွားစည်းမျဉ်းများ၊

*စာမျက်နှာ ၁၇ သို့*



ပုဂံဒေသသို့လာရောက်သည့် နိုင်ငံခြားသားများအား ကူညီစောင့်ရှောက်ပေးနေသော ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ။

# ပဲခူးမြို့၌ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ခရိုင်အဆင့် နည်းပြဆင့်ပွားသင်တန်းဖွင့်

**ပဲခူး မေ ၁**

ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအတွက် ၂၀၂၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ခရိုင်အဆင့် နည်းပြဆင့်ပွားသင်တန်းကို ပဲခူးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း သီရိပညာခန်းမ၌ မေ ၁ ရက်က ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ပဲခူးတိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က အကြောင်း အမျိုးမျိုးကြောင့် အခြေခံပညာရေးအဆင့်များကို ဆုံးခန်းတိုင်မသင်ကြားခဲ့ရသူများအား ထိုပညာရေးအဆင့် ပြီးမြောက်စေရန်နှင့် ကျောင်းပြင်ပမှ ပညာသင်ကြားလိုသူများ ဆက်လက်သင်ကြားနိုင်ရန် လည်းကောင်း၊ ပညာသင်ယူမှု မပြီးဆုံးမီ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူမှု ရပ်တန့်ခဲ့ရသော ကျောင်းသား ကျောင်းသူများအတွက် သင့်လျော်သည့် ပညာသင်ယူခွင့်တစ်ခုခု ပြန်လည်ရရှိစေရန်နှင့် ငယ်စဉ်က မူလတန်းပညာကို ပြီးဆုံးအောင်မသင်ကြား ခဲ့ရသူများ၊ ကျောင်းမနေခဲ့ရသူများ၊ သန်းခေါင်စာရင်းအရ စာမတတ်သူ ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ပြီး နိုင်ငံသားများ၏ လူမှုဘဝ မြင့်မားလာစေရန်၊ နိုင်ငံသားကောင်းများ၏ အခြေခံအလေ့အကျင့်များ ပိုမိုရရှိလာစေရန် နိုင်ငံသူ နိုင်ငံသားများအတွက် ပညာရယူရန် ကိရိယာတစ်ခုဖြစ်သည့် အရေး၊ အဖတ်၊ အတွက် အခြေပြု တတ်မြောက်သွားအောင် သင်ကြားပေးကြစေလိုကြောင်း အမှာစကားပြောကြားသည်။(ယာပုံ)



၂။ ဝယ်ယူမည့် လုပ်ငန်းခွင်သုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့(ဧရာဝတီတိုင်းဒေသကြီး)ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် (၂-၄-၂၀၂၄)ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပြီး ဖုန်း-၀၉-၇၈၉၃၆၅၆၆၉နှင့် ၀၉-၂၅၄၉၉၃၅၈၈သို့လည်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - (၂၂-၄-၂၀၂၄)ရက်
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်/အချိန်** - (၃၀-၄-၂၀၂၄)ရက် ညနေ ၄နာရီ
**တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - (၃-၅-၂၀၂၄)ရက် နံနက် ၁၀နာရီ
**တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့(ဧရာဝတီတိုင်းဒေသကြီး)၊ ပုသိမ်မြို့

၃။ တင်ဒါလျှောက်လွှာပုံစံများကို လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့(ဧရာဝတီတိုင်း ဒေသကြီး)၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကင်မလင်းကျွန်းလမ်းမကြီး၊ အမှတ်(၃) ရပ်ကွက်၊ ပုသိမ်မြို့တွင် (၂-၄-၂၀၂၄)ရက်မှစတင်၍ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန**
**ကြီးကြပ်ရေးအဖွဲ့(ဧရာဝတီတိုင်းဒေသကြီး)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈-D)၊ လူနေရပ်ကွက်အမှတ်(၁၈-D)၊ သုခမိန်လမ်း၊ မြေကွက်အမှတ်(၁၁၂၆)ဟုခေါ်တွင်သော နှစ်(၆၀)မြေငှားဂရန်တွင် ဦးလှထွန်း(DDE-၁၀၄၀၅၇) ၁၂/သဃက(နိုင်)၁၂၅၈၂၄ အမည်ပေါက် အလျား (၆၀) ပေ x အနံ(၄၁.၆)ပေ၊ ဧရိယာ(၂၄၉၀)စတုရန်းပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ရေမီးအစရှိသောအကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မြကြင် ၁၂/လမန(နိုင်)၀၅၈၁၆၉ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်စန်းစန်းထွေး ၁၀/ခဆန(နိုင်) ၀၀၁၇၇၀မှ အပြီးအပိုင် ဝက်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီးအပိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်စန်းစန်းထွေး၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဥမ္မာမြင့် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၈၃၅၁(၁၃.၉.၂၀၁၂)**

**ဒေါ်မြတ်နိုးခင်(LL.B)**
**အထက်တန်းရှေ့နေ**
**စဉ်-၅၃၁၅၀ (၃၀-၆ -၂၀၂၀)**

**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)**
မြို့နယ်၊ **ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၂)၊ အေးရတနာလမ်း၊ မြေကွက်အမှတ်(၄၇၉/က+ခ)၊ မြေပေအကျယ်(၂၆X၆၀)ပေရှိ မြေပေါ်တွင်ဆောက်လုပ်နေသော(၁)ခန်းတည်း (၆)ထပ်RC အဆောက်အအုံမှ ပထမထပ်(၂-လွှာ)၊ အခန်းအကျယ်အဝန်း(၂၁X၅၄)ပေ၊ အမြင့်(၉)ပေရှိ တိုက်ခန်းတစ်ခန်းကို ရောင်းချသူ မြေပိုင်ရှင်များဖြစ်သော ဗိုလ်မှူးကြီးထွန်းမင်း ၁၂/လကန(နိုင်)၁၄၄၇၃၀နှင့် ဒေါ်စန်းရီ ၉/မထလ(နိုင်) ၀၂၉၉၅၈တို့က အထက်ပါတိုက်ခန်းကို မိမိတို့သာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍မိမိတို့မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆိုသဖြင့်အဆိုပါတိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇**

## သွာနုတ္တသားအဖြစ် အမွေပြတ်စွန့်လွှတ်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၄)ရပ်ကွက်၊ ဖွဲကပင်လမ်း၊ အမှတ်(၃၃၉)နေ ဦးကျော်ဝင်း(၁၀/မလမ(နိုင်)၁၆၈၀၂၄) နှင့် ဒေါ်နီနီဝင်း (၁၀/မလမ(နိုင်)၂၃၉၉၉၀) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကျော်ဝင်းနှင့် ဒေါ်နီနီဝင်းတို့၏ သားများဖြစ်သော မောင်ရှိုင်းအောင်ကျော်(၁၂/ဒဂတ(နိုင်)၁၁၆၀၁၈)နှင့် မောင်ထက်အောင်ကျော်(၁၂/ဒဂတ(နိုင်)၁၁၆၀၁၄)တို့ နှစ်ဦးသည် မိဘများ၏ ဆိုဆုံးမမှုများအား နာခံခြင်းမရှိဘဲ မိဘများအပေါ် အော်ဟစ်ပြောဆိုခြင်း၊ စိတ်ဒုက္ခဖြစ်စေရန် ပြုမူဆက်ဆံခြင်းများနှင့် ခွင့်မလွှတ်နိုင်သော အပြုအမူများ အကြိမ်ကြိမ်အခါခါပြုလုပ်ပြီး မိဘများ နေအိမ်ပေါ်မှ ၎င်းတို့၏ သဘောဆန္ဒအဖြစ် ထွက်သွားပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေများမှ သားဖြစ်သူ မောင်ရှိုင်းအောင်ကျော်(၁၂/ဒဂတ(နိုင်)၁၁၆၀၁၈) နှင့် မောင်ထက်အောင်ကျော်(၁၂/ဒဂတ(နိုင်)၁၁၆၀၁၄) တို့နှစ်ဦးအား သွာနုတ္တသားအဖြစ်အမွေပြတ်စွန့်လွှတ်ပါကြောင်း အများသိစေရန်နှင့် နောက်နောင်တွင် ၎င်းတို့(၂)ဦးနှင့် ပတ်သက်ဆက်နွယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်တော့ပါကြောင်း မောင်ရှိုင်းအောင်ကျော်၊ မောင်ထက် အောင်ကျော် တို့နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဝင်း ၁၀/ မလမ(နိုင်) ၁၆၈၀၂၄နှင့် ဒေါ်နီနီဝင်း ၁၀/မလမ(နိုင်)**
**၂၃၉၉၉၀တို့၏ လွှဲအပ်ညွှန် ကြားချက်အရ -**
**ဒေါ်သိင်္ဂီအေး LL.B,D.B.L တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၁၉)**
**အမှတ်(၇၆၂)၊ သုဇီတာ(၁၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၀၆၉၁၅၂**

## ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့(ရောဝတီတိုင်းဒေသကြီး) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း


၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့(ရောဝတီတိုင်းဒေသကြီး)၏ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေများဖြင့် ရောဝတီတိုင်းဒေသကြီးအတွင်း၌ ဆောင်ရွက်မည့် လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို (၂၂-၄-၂၀၂၄)ရက်မှ (၃-၅-၂၀၂၄)ရက်အထိ ရုံး ချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး လျှောက်လွှာနှင့် Profileများကို (၆-၅-၂၀၂၄)ရက် ညနေ ၄နာရီ နောက်ဆုံးထား တင်သွင်းရန် ဖြစ်ပါသည်။ တင်ဒါဖွင့် မည့်ရက်အား သီးခြားကြော်ငြာသွားမည်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် တင်ဒါပေးသွင်းရမည့်လိပ်စာမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့(ရောဝတီတိုင်းဒေသကြီး)၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ကင်မလင်းကျွန်းလမ်းမကြီး၊ အမှတ်(၃)ရပ်ကွက်၊ ပု သိမ်မြို့ ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုသော အချက်အလက်များအား(၂-၄-၂၀၂၄)ရက်မှစ၍ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့(ရောဝတီတိုင်းဒေသကြီး)ရုံးဖုန်း- ၀၉-၇၈၉၃၆၅၆၆၉ နှင့် ၀၉-၂၅၄၉၉၃၅၈၈ သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့(ရောဝတီတိုင်းဒေသကြီး)**

ရာဇဇော်ဝင်း

(LL.B) WIPO,DL-101 Switzerland)

01-394727,01-399426,09-73009994,09-5152521


## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၉-ခ၊ ၅၁) လမ်းသွယ်နေ ဦးသိန်းလှိုင် ၁၂/လမန(နိုင်) ၀၆၀၂၃၉မှ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ ကျွန်တော်မှ သားဖြစ်သူ ဦးအောင်ဆန်းလှိုင် ၁၂/လမန (နိုင်) ၁၃၅၈၂၂သို့ ၃၁-၃-၂၀၂၃ရက်တွင် လွှဲအပ်ထားသည့် တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်၊ မြို့မအကွက်အမှတ်(၃)၊ ဆုတောင်းပြည့်အနောက်ရပ်၊ ဦးပိုင်အမှတ်(၅၂) မြေကွက်နှင့် ပတ်သက်၍ လွှဲအပ်ပေးထားသည့် အထူးကိုယ်စားလှယ်လွှဲစာအား (၂၅-၃-၂၀၂၄)ရက်တွင် ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းလှိုင် ၁၂/လမန(နိုင်) ၀၆၀၂၃၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ စစ်တောင်း(၇)လမ်း၊ မြေကွက်အမှတ်(ပ-၃၀၇၅၄)၊ ဧရိယာ (၀.၀၅၅)ဧကအကျယ်ရှိ ဦးစိန်လှဝင်း အမည်ပေါက်နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကိုဝယ်ယူ၍ တရားဝင် လက်ရှိထားပိုင်ဆိုင်သူ ဦးဖြိုးဇင်မွန်နိုင်၊ ၉/မထလ(နိုင်) ၁၇၅၇၃၄ထံမှ အထက်ဖော်ပြပါမြေကွက်အား ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသည့် စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမြတ်စံဖြိုး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၃၈)**
**အမှတ်(၆/၁၃)၊ ဗိုလ်ချုပ်လမ်း၊ မြို့ဦးရပ်၊ ပျဉ်းမနားမြို့။ Ph - 09 -428268794**

## အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ (၃)ရပ်ကွက် နေ (ဘ)ဦးဝင်းကျော်၏သမီး ဒေါ်မေနှင်းကျော် ၉/လဝန(နိုင်)၁၆၁၆၄၇သည် နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီး၊ မြေကွက်အမှတ်- ပစ(င)၆၀၉၈၊ အကျယ်အဝန်း (၄၀x၆၀)ပေ၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဒုတပ်ကြပ်အိုက်စံ ၁၂/မရက(နိုင်)၁၀၈၇၉၆အမည်ပေါက် နှစ်(၃၀) ဂရန်မြေအမျိုးအစား မြေကွက်နှင့် အဆိုပါမြေ၏အကျိုးခံစားခွင့် အရပ်ရပ်တို့ကို နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ် အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် တရားဝင် ဝယ်ယူ၍ လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုသူ ဒေါ်မေဇော်ကိုကို ၅/မရန(နိုင်)၂၀၈၅၀၁ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သတ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားကာ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေနှင်းကျော် (၉/လဝန(နိုင်)၁၆၁၆၄၇)**
**အမှတ်(၃)ရပ်ကွက်၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်။**
**ဖုန်း-၀၉-၆၇၇၀၆၃၄၄၅၊ ၀၉-၆၇၄၇၉၇၅၃**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## အယူခံမှု ဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်ထံသို့ အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄) ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် ၂၀၂၃ခုနှစ်၊ တရားမပထမအယူခံမှုအမှတ်-၁၃

| | | |
|---|---|---|
| ဒေါ်ကြည်ထွေး | နှင့် | ၁။ ဦးမျိုးမင်းထက်(ခ)ကိုထက် |
| | | ၂။ ဒေါ်အိအိဇင်(ခ)မဇင် |
| | | ၃။ ဦးညီညီ |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်များ** |

၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်နေ့စွဲပါ ပဲခူးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၃၅/၂၀၂၀ကို အယူခံမှု။

အယူခံတရားပြိုင် (၃) ဦးညီညီ၊ အမှတ် ၈၁၀၊ မော်ကန်အနောက်လမ်းမ၊ လိပ်ပြာကန်ရပ်ကွက်၊ ပဲခူးမြို့(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

ယခုအမှုတွင် ပဲခူးခရိုင်တရားရုံးတော်က ချမှတ်ပေးသည့် ဒီကရီကို ဒေါ်ကြည်ထွေး က အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၉ရက် (၁၃၈၅ခုနှစ်၊ တန်ခူးလဆုတ် ၆ရက်) တွင်ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖတ်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းဆိုထားသည့် အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လှိုင်ဟိန်းဇော်)
**လက်ထောက်ညွှန်ကြားရေးမှူး**
**ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ မဟာမြင့်မိုရ်လမ်း၊ အမှတ်-၁ ဟုခေါ်တွင်သည့် ဒေါ်ခင်ညွှန့် အမည်ပေါက်ဂရန်မြေကွက်ပေါ်တွင်တည်ဆောက်ထားသည့်(၂ခန်းတွဲ)၊ (၆)ထပ်တိုက်၊ (အလျား ၂၀ ပေ x အနံ ၄၀ ပေ) အကျယ်အဝန်းရှိ မြေညီထပ်(တိုက်ခန်းကိုမျက်နှာမူလျှင် ညာဘက်ခြမ်း)၊ အခန်းအမှတ်(B-1)ဟုခေါ်တွင်သော တိုက်ခန်းနှင့်အတူ ကိုယ်ပိုင်လျှပ်စစ်မီတာ(၁)လုံး၊ ရေမော်တာ(၁)လုံး၊ Aircon(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်၍ အမွေဆိုင်၊ အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်းပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်စန်းယဉ် ၁၂/ဗဟန(နိုင်)၀၅၇၇၈၇ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းကြည် ၁၁/ကဖန(နိုင်)၀၄၆၃၅၇ က အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အထက်ဖော်ပြပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ငြိမ်းလဲ့နိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၀၈)**
**အမှတ်-၂၈၊ မြေညီထပ်၊သာယာအေး(၃)လမ်း၊(၃)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉ - ၉၅၈၅၂၉၄၄၂၊ ၇၇၈၃၃၃၄၈၄**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိရှိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ ဝန်ပိုကျေးရွာနေ ဒေါ်မေသူမြင့်အောင် ၅/ဘတလ(နိုင်) ၀၆၈၃၁၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ဘောဂဝတီလမ်း၊ အမှတ်(၆)နေ ဦးရှိုင်းမင်းသန့် ၁၄/ဖပန(နိုင်) ၀၉၉၁၁၇နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ ဝန်ဘိုကျေးရွာနေ ဒေါ်မေသူမြင့်အောင် ၅/ဘတလ(နိုင်) ၀၆၈၃၁၄ တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်းမတိုက်ဆိုင်သည့်အပြင် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သဖြင့် (၁၇-၁၂-၂၀၂၃)ရက်တွင် "အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်" ကို မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒအရ အသိသက်သေများရှေ့တွင် ပြုလုပ်ချုပ်ဆိုခဲ့ကြပြီးဖြစ်၍ ဦးရှိုင်းမင်းသန့်နှင့် ဒေါ်မေသူမြင့်အောင်တို့သည် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် နောက်နောင် ဦးရှိုင်းမင်းသန့်နှင့်ပတ်သက်သည့် စီးပွားရေး၊ လူမှုရေးကိစ္စအဝဝတို့သည် ဒေါ်မေသူမြင့်အောင်နှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသုဝဏ် တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၅၉/၂၀၁၉)**
**အမှတ်(၁၅/ခ)၊ ဓမ္မာရုံလမ်းသွယ်၊ (၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၀၅၂၆၅၇၄**

## သားသမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဗောဓိကုန်းကျေးရွာ၊ကျောင်းလမ်းနေ ဒေါ်သန်းသန်းမော် ၁၂/အစန(နိုင်) ၀၉၃၇၈၆၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်သန်းသန်းမော်၏ သားသမီးများဖြစ်ကြသည့် (၁)ဦးအောင်ဘုန်းမြင့် ၁၂/အစန(နိုင်)၂၁၆၆၈၆၊ (၂) ဒေါ်ရှင်မိုးမြင့် ၁၂/အစန(နိုင်)၂၁၆၅၉၆နှင့် (၃)ဒေါ်အံမော်မြင့် ၁၁/အစန(နိုင်)၂၈၃၇၁၁တို့သည် မိခင်၏ဆိုဆုံးမမှုများကိုမနာခံဘဲ မိခင်အားစိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားသမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၎င်းတို့နှင့် ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မင်းထက် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၄၂၂)**
**အမှတ်(၅၆၀)၊ ဂန္ဓမာလမ်း (၁၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉- ၂၀၁၈၃၂၅**

## အများသိစေရန် အသိပေးကြေညာခြင်း

တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်၊ (မြို့မြေ)၊ အကွက်အမှတ် (၃)၊ ဆုတောင်းပြည့်အနောက်ရပ်၊ ဦးပိုင်အမှတ်(၅၂)၊ ဧရိယာ(၀ဒသမ၇၁၆)ဧကရှိ မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ကာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဦးသိန်းလှိုင်(ဘ)ဦးစိန် ၁၂/လမန(နိုင်) ၀၆၀၂၃၉မှ ကျွန်ုပ်၏ မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏ မိတ်ဆွေမှလည်း ဝယ်ယူရန် သဘောတူညီပြီးစရန်ငွေ တချို့တဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဆုပြည့်အောင်(LL.B,D.B.L,D.I.L)** | **ဒေါ်သူဇာလှိုင်(LL.B,D.L.S)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၇၇၃၇)** | **အထက်တန်းရှေ့နေ(စဉ်-၅၄၅၆၈)** |
| **ဖုန်း-၀၉-၄၂၈၂၄၈၁၁၃** | **ဖုန်း-၀၉-၆၇၅၁၀၂၁၅၉** |

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) အုတ်တွင်းမြို့နယ်တရားရုံးတော် ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၉

| | | |
|---|---|---|
| ဒေါ်မြတ်မွန် | နှင့် | ဒေါ်ဆွေဇင်ထွန်း |
| **တရားလို** | | **တရားပြိုင်** |

အုတ်တွင်းမြို့၊ ၃၇/ပြည်လမ်း၊ ကြက်သွန်ခင်း(၁)ရပ်ကွက်နေ ဒေါ်ဆွေဇင်ထွန်း(ဘ) ဦးစောအောင်သက်မိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ရွှေဆွဲကြိုးဖိုး ကျပ်ငွေကျပ်သိန်း(၂၀၀၀၀၀၀/- နှစ်ဆယ်တိတိ)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၅ ရက်၊ (၁၃၈၆ ခုနှစ်၊ တန်ခူးလဆုတ် ၂ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စိုးမိုးနိုင်)
**ဒုတိယမြို့နယ်တရားသူကြီး**
**အုတ်တွင်းမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊သီရိကျော်ထင်လမ်းသွယ်(၃)၊မြေတိုင်းရပ်ကွက်အမှတ်(၁၆၈)၊ အပိုင်း(၂)၊ မြေကွက်အမှတ်( ၁၀၄၄/ခ)၊ အကျယ်အဝန်း(အလျားပေ ၂၀ x အနံပေ ၆၀)ရှိ ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေချပါမစ်အမည်ပေါက်ပိုင်ရှင် ဦးတင်မောင်လတ်(HGU-၁၄၅၆၇၁)ထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူလက် ရောက်ပိုင်ဆိုင်ထားသူ ဦးတွမ်ကွေဟုန် ၁/မညန(နိုင်) ၀၉၇၇၉၈မှ မိမိသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း၊ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း မည်သည့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာမျှ မရှိကြောင်း ဝန်ခံကတိပြုလျက် အဆိုပါ မြေကွက်အား ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးအနီးကပူလ် ၇/ ဖမန(နိုင်) ၂၆၃၄၈၃မှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်ကိုကန့်ကွက်လိုပါကပိုင်ဆိုင်ကြောင်းမူရင်းစာမှတ်စာတမ်းအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသက်နောင်(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၁၈၉၂)**
**အမှတ်(၃၁၀)၊ ကျောက်စိမ်းမျက်ရတနာ(၂)လမ်း၊ (၅၆)ရပ်ကွက်၊ ဒဂုံမြို့သစ်( တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၇၉၅၃၈၁၃၅၇**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ တပ်သားအေးသန်း ကိုယ်ပိုင်အမှတ် ၈၇၇၃၈၃၊ ၉/စကန(နိုင်)၀၆၀၅၁၃ (ဘ)ဦးအောင်သန်း အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၆၅၁ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်အေးအေးချို ၁၄/ညတန(နိုင်)၀၀၇၇၄၈(ဘ)ဦးစိုးမြင့်မှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန် ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တပ်သားအေးသန်း သေဆုံးခြင်းလက်မှတ် မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီဂရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ တကမျိုးကျော် ကိုယ်ပိုင်အမှတ် ၈၉၈၅၈၃၊ ၉/ပမန(နိုင်)၁၇၅၆၈၇ (ဘ)ဦးညွှန့်ဝေ အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၈၃၂ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံ ဖခင်ဖြစ်သူ ဦးညွှန့်ဝေ ၁/မညန(နိုင်)၀၇၁၅၆၉(ဘ)ဦးဘဒင် မှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းငွေချလန် မိတ္တူ၊ တကမျိုးကျော် သေဆုံးခြင်းလက်မှတ်မိတ္တူ၊မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီဂရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ကြောင်း

မင်းဘူးမြို့၊ အမှတ်(၁)ရပ်ကွက်၊ သိမ်ကုန်းရပ်နေ (ဘ) ဦးသန်းငွေ၏သား နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် (၈/မဘန(နိုင်)၁၁၈၀၆၄) ကိုင်ဆောင်သူ ဦးမျိုးနိုင်ဦး(ခ)ဦးအေးကျော်မှာ အမည်နှစ်မျိုးဖြစ်သော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးမျိုးနိုင်ဦး(ခ)ဦးအေးကျော်**

## ပျောက်ဆုံးကြောင်း

ပျဉ်းမနားမြို့၊ ပေါင်းလောင်း (၃)လမ်း၊ အမှတ် ၁၄/၆၄၈ နေ မောင်လွင်မင်းစိုး (ဘ)ဦးမြသောင်း ၉/ပမန(နိုင်) ၁၇၉၀၀၂ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၄၉၉၃၉၀**

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ မြင်သာအုပ်စု၊ မြသာယာကျေးရွာနေ မအိသန္တာအောင် ၅/ဟမလ(နိုင်)၁၇၃၈၉၆ ၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးဝင်း ၅/ဟမလ(နိုင်)၀၈၈၇၃၀ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်နှင့်အမည်( ၁/ကျောင်းရှေ့ရပ်)၊ ဦးပိုင်အမှတ်(၉၃)၊ မြေရေိယာ(၀ဒသမ၀၈၉)ဧကရှိ ဂရန်မြေ ကွက်သည် မြေငှားဂရန်အမှတ်အမှတ် (၅၆၅/၁၉၉၅-၁၉၉၆)အရ ဦးဖူဆင် အမည်ပေါက် ပိုင်ဆိုင်ပြီး ပြင်ဦးလွင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အရောင်းအဝယ်စာချုပ်အမှတ်(၁၇၈/၂၀၂၀)အရ ဦးမောင်ထွန်းပါ(၂)ဦးမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဂရန်အမည်ပြောင်း/သက်တမ်းတိုးလျှောက်ထားလာရာ ဤကြေညာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။ **ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ဣစ္ဆာသယ(၁)လမ်း ၊ အမှတ်(၆၄)၊ ပေ(၁၈x၆၀) အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင်ရေ၊ မီးနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရောက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဒေါ်အေးရှင် ၁၂/မရက(နိုင်)၀၁၃၃၆၀ မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဦးမင်းသူ ၁၂/မရက(နိုင်)၁၆၁၃၉၁ ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်သက်သက်မွန်** — **ဒေါ်ကြည်လပြည့်ဝန်း** — **ဒေါ်သွယ်ဇင်အေး**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၆၀၅/၂၀၁၅) အထက်တန်းရှေ့နေ(စဉ်–၅၁၉၂၄/၂၀၁၉) အထက်တန်းရှေ့နေ(စဉ်–၅၄၇၅၂/၂၀၂၂)**

**တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်၊ မီးပွိုင့်အနီး ၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**

**ရန်ကုန်တိုင်းဒေသကြီး**

ဖုန်း–၀၉–၇၉၅၅၃၄၇၅၃၊ ၀၉–၇၅၀၃၉၈၄၀၆

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ မြေကွက် အမှတ်(၁၂၄၀)၊ မြေကွက်တည်နေရာအမှတ်(၁၂၄၀)၊ နေကြာ(၄)လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးဝင်းထွန်း ၇/ပတန(နိုင်) ၀၇၆၈၉၅ အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား အမည်ပေါက် ဦးဝင်းထွန်းထံမှ GPအမှတ်–၂၃၃၀၂/၂၀၂၂(၁၄–၁၂–၂၀၂၂)ဖြင့်ရရှိသူ ဦးဟန်ဝင်းအောင် ၁၁/စတန(နိုင်)၀၅၇၀၇၁ မှ တရားဝင်မခွဲမစိတ်ရသေးသော မြေအကျယ်အဝန်း ပေ(၂၀x၆၀)၊ မြေကွက်အမှတ်(၁၂၃၈)နှင့်ကပ်လျက်အခြမ်းရှိ နှစ်(၆၀)ဂရန်မြေ မူရင်းခြမ်းအား GPဦးဟန်ဝင်းအောင်မှ ဂရန်၊ GPပါ၀ါ၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ မြေတိုင်းလျှောက်ထားလာရာ ဂရန်မိတ္တူခြမ်း၊ ပိုင်ဆိုင်သူမှ ဂရန်ခွဲရန် ဆန္ဒမရှိသဖြင့် မူရင်းခြမ်းပိုင်ဆိုင်သူမှ တစ်ဖက်သတ်မြေကွက်ခွဲစိတ်ရန် အတွက် တစ်ဖက်သတ်မြေတိုင်းလျှောက်ထားလာခြင်းဖြစ်ပြီး ဦးဝင်းထွန်းထံမှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် (Portion)ဖြင့် ဝယ်ယူထားသည့် ဒေါ်သင်းသင်းအေးမှ ယခု GP ဦးဟန်ဝင်းအောင် လျှောက်ထားသည့်အစိတ်အပိုင်းသည် ၎င်း၏အစိတ်အပိုင်းအတွက် လျှောက်ထားခြင်းဖြစ်ကြောင်း၊ ယခုတစ်ဖက်သတ် မြေတိုင်းလျှောက်ထားခြင်းအား သိရှိသဘောတူပါကြောင်း ဌာနဝင်စာဖြင့် အရာရှိရှေ့မှောက်တွင် လက်မှတ်ရေးထိုး၍ ရှင်းလင်းတင်ပြလာသဖြင့် GP ဦးဟန်ဝင်းအောင်မှ တစ်ဖက်သတ်မြေတိုင်းလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏ အမှုသည်ဖြစ်သူ ဒေါ်ဇာခြည်စိမ့်စိမ့်ညို (ဘ)ဦးခင်မောင်ညို ၇/ပခန(နိုင်)၂၃၉၀၀၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်သည်မှာ–

၂၉–၃–၂၀၂၄ရက်ထုတ်ဝေသည့် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၂)တွင် အများသိစေရန်ကြေညာခြင်း ခေါင်းစဉ်ဖြင့် ဦးရာဇာဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးစောဝင်းမှကြေညာခဲ့သည့် ကြေညာချက်သည် ဦးရာဇာဝင်း၏ တစ်ဖက်သတ်ပြောဆိုချက်များသာဖြစ်ပါကြောင်း၊ ဦးရာဇာဝင်းနှင့်ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇာခြည်စိမ့်စိမ့်ညိုတို့သည် ယနေ့ထိ တိုင်ပင် တည်ဆဲဥပဒေနှင့်အညီ တရားဝင်အကြင်လင်မယားအဖြစ် အတိအလင်း အတည်ဖြစ်လျက်ရှိနေပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ–** **ဒေါ်ဇာခြည်စိမ့်စိမ့်ညို**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကိုကိုထက်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၅၉၄/၂၀၁၇)**
**အမှတ်–(၁၃၈)၊ မွန်စံပြ(၁)လမ်း၊**
**ဟင်္သာကုန်း(၁၉)ရပ်ကွက်၊ ပဲခူးမြို့**

### ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း/အရှေ့ရပ်ကွက်၊ ကျောက်မြောင်းလမ်း (မြို့သစ်(၃)လမ်းထောင့်)၊ အမှတ်(၆၈)ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ မြေညီထပ် (တိုက်ရှေ့မျက်နှာမူလျှင်-ယာဘက်)၊ အကျယ်အဝန်း (၁၇ပေxပေ၆၀)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့်တိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ပေါက်လန် ၁၃/လရန(နိုင်)၀၀၀၀၀၇ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများ ဖြစ်ကြသော ဒေါ်မြတ်ဇင်မွန်ဦး ၁၁/စတန(နိုင်)၀၇၂၄၅နှင့် ဒေါ်ဝင်းစုစံ ၁၁/စတန(နိုင်)၀၇၅၇၃၈တို့က အပြီးပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဘူမောင်(LL.B)(စဉ်–၂၂၇၄၇)** — **ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်–၄၈၄၃၁)**

**အထက်တန်းရှေ့နေများ**

**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေ မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၉– ၅၁၁၈၀၀၇၊ ၀၉– ၅၁၁၅၉၉၀၊ ၀၉– ၅၁၈၃၅၆၉**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ အဝေရာလမ်း၊ အမှတ်–၁၆ နေ (ဦးဝင်းအောင်)နှင့် ဒေါ်သောင်းသောင်းစု ၁၂/ရကန(နိုင်) ၀၅၂၈၈၂တို့၏သား ဦးဖြိုးကိုကိုအောင် ၁၂/ရကန(နိုင်)၀၆၁၈၉၀သည် မိခင်နှင့် အစ်မဖြစ်သူတို့၏ ဆိုဆုံးမမှုကို လုံးဝနာခံမှုမရှိဘဲ မိခင်ဖြစ်သူဒေါ်သောင်းသောင်းစုအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အမျိုးမျိုးပြုမူပြောဆိုခြင်း၊ ဒုက္ခအမျိုးမျိုးပေးနေခြင်းတို့ကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း၊ ဦးဖြိုးကိုကိုအောင်နှင့်ပတ်သက်သည့် လူမှုရေး၊ စီးပွားရေးအပါအဝင် မည်သည့်ပြဿနာအရှုပ်အရှင်းကိုမျှ မိခင်ဖြစ်သူက ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်သောင်းသောင်းစု၏ ညွှန်ကြားချက်ဖြင့်–**
**ဦးခင်မောင်ဦး**
**တရားလွှတ်တော်ရှေ့နေ လိုင်စင်အမှတ်–၉၇၂၉/ ၂၀၁၄**
**ဝေဠုဝန်လမ်း၊ ကုန်းတလပေါင်းစံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်စောဆာဟဲစိုး ၁၂/မရက(နိုင်)၁၄၇၈၆၅ ၏နိုင်ငံကူး လက်မှတ်အမှတ်(နံပါတ်မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၆၉၁၁၈၈၈၂**

## ပျောက်ဆုံးကြောင်း

ဦးဇော်တင့်ဆွေ (ဘ) ဦးတင့်ဆွေလေး ၁၂/မရက(နိုင်)၀၀၂၇၈၇ ကိုင်ဆောင်သော ပတ်စ်ပို့အမှတ် မမှတ်မိသည့် မူရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၃၁၃၉၄၈၁**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 71W/9982 Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်ဝင်း ၁၄/ဟသတ(နိုင်)၀၀၀၅၆၄ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 54W/65307 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်ဝင်း ၁၄/ဟသတ(နိုင်) ၀၀၀၅၆၄ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 78W/80577 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဝင်းသန်း ၁၄/ဟသတ(နိုင်) ၀၄၅၉၁၁ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

**ကြီးမြန်သစ်ပင်**
**စိုက်ပျိုးလျှင်**
**စွမ်းအင်လည်းရ**
**ပြည်လည်းလှ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

**တင်ဒါအမှတ်** – (1) 1T(C/RB)/PROCUREMENT/REINFORCED STEEL BAR/2024–2025
(2) 1T(C/RB)/PROCUREMENT/P.C Wire & Accessories/2024–2025

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ (၂၀၂၄–၂၀၂၅)ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်မည့်တံတားများတွင် အသုံးပြုရန်အတွက် သံချောင်းလုံးအရွယ်စုံ HRB–500 (Deformed Bar) များနှင့် P.C Wire နှင့်ဆက်စပ်ပစ္စည်းများအား ရန်ကုန်မြို့ရှိ တံတားလေးသိုလှောင်ဝင်းနှင့် ပျဉ်းမပင်စတို(နွယ်ခွေ)သိုလှောင်ဝင်းအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** – ၃–၄–၂၀၂၄ရက်၊ (ရုံးချိန်အတွင်း)
၃။ **တင်ဒါပုံစံပိတ်သိမ်းမည့်ရက်** – ၂၆–၄–၂၀၂၄ရက်(ရုံးချိန်အတွင်း)
၄။ **(က) သံချောင်းလုံးနမူနာအား Labသို့ နောက်ဆုံးပေးပို့ရမည့်ရက်** – ၂၉–၄–၂၀၂၄ရက်
**(ခ) P,C Wire နှင့်ဆက်စပ်ပစ္စည်းများ နမူနာနှင့် Mill Certificate နောက်ဆုံးပေးပို့ရမည့်ရက်** – ၂၉–၄–၂၀၂၄ရက်
၅။ **နမူနာသံချောင်းလုံးများ၏ Lab Test Result များ နောက်ဆုံးပေးပို့ရမည့်ရက်** – ၃–၅–၂၀၂၄ရက်
၆။ **တင်ဒါဖွင့်မည့်ရက်** – (တင်ဒါဖွင့်လှစ်မည့်ရက်နှင့် အချိန်အား အကြောင်းကြားပါမည်)

၇။ တင်ဒါပုံစံနှင့်အသေးစိတ် အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်–

၈။ သတ်မှတ်ရက်ထက် နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**တံတားဦးစီးဌာန၊ ဖြည့်တင်းရေးဌာနခွဲ**
**ရုံးအမှတ် (၁၁) နေပြည်တော်**
**ဖုန်း–၀၉–၉၅၁၆၀၀၆၈၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဇ)ရပ်ကွက်၊ ဥဇ္ဇနာ(၁)လမ်း၊ အမှတ်(၆၃/က)ဟု ခေါ်တွင်သော အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ မြေနှင့် မြေပေါ်ရှိ အုတ်ညှပ်၊ (၂)ထပ်တိုက်နှင့်ပတ်သက်၍ ကျွန်ုပ်၏ မိတ်ဆွေ ဦးစိန်သန်း(ဘ)ဦးခင်လှ ၁၂/ဥကမ(နိုင်)၀၅၂၁၆၄မှ ညွှန်ကြားသည့်အတွက် အောက်ပါအတိုင်း ကြေညာအပ်သည်မှာ–

အထက်ဖော်ပြပါ နေအိမ်အဆောက်အအုံနှင့်ပတ်သက်၍ ၁။ ဦးကျော်ကျော်မိုး ၂။ ဒေါ်ချိုချိုမာ ၃။ ဒေါ်စုလှိုင်ပွင့်တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်တရားရုံးတော်တွင် ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၆၀ ဖြင့်လည်းကောင်း၊ ၂၀၂၄ ခုနှစ် တရားမဇာရီမှုအမှတ်–၂၉ဖြင့်လည်းကောင်း အမှုရင်ဆိုင်လျက်ရှိကြောင်း သိရှိရပါသည်။ ၎င်းအဆောက်အအုံသည် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးစိန်သန်းမှ ငွေကြေးများစိုက်ထုတ်ကာ ဆောက်လုပ်ထားသော အဆောက်အဦဖြစ်ပြီး၊ ၎င်းအမွေဆိုင်(၃)ဦးမှ ကျွန်ုပ်မိတ်ဆွေ စိုက်ထုတ်ထားသောငွေကြေးများအား ပြန်လည်ပေးအပ်မည်ဟု ကတိပြုထားကြောင်းလည်း ညွှန်ကြားချက်အရ သိရှိရပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးစိန်သန်း မသိရှိဘဲ ၎င်းနေအိမ်အား မည်သူတစ်ဦးတစ်ယောက်မျှ တစ်ဆင့်လွှဲပြောင်း၊ ပေါင်နှံ၊ ရောင်းချ၊ ပေးကမ်း၊ ခွဲခြမ်းစိတ်ဖြာခြင်းများ ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဦးစိန်သန်း**
**၁၂/ဥကမ(နိုင်)၀၅၂၁၆၄**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသောင်းဌေး(LL.B)**
**အထက်တန်းရှေ့နေ**
**(စဉ်–၂၁၀၇၆/၁၀–၇–၂၀၂၃)**
**ဖုန်း–၀၉–၄၂၃၈၇၆၉၄**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ဆကာရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်းနေ ဒေါ်ရီရီမွန်၏သား မောင်ရှင်းသန့် ၁၄/ဟသတ(နိုင်)၃၆၃၈၉၆ သည်မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ မိခင်အား ကိုယ်စိတ်နှစ်ပါးဆင်းရဲစေပြီး ခွင့်မလွှတ်နိုင်သော ကိစ္စရပ်များကို အကြိမ်ကြိမ်အခါခါပြုလုပ်ခဲ့ပါသောကြောင့် ၂၁–၃–၂၀၂၄ ရက်မှစ၍ အမွေစား အမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကိုလုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင် ဒေါ်ရီရီမွန် ၁၄/ဟသတ(နိုင်)၂၁၇၂၂၅**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ငါးထပ်ကြီးဘုရားလမ်း၊ အမှတ်(၁၉)နေ ဦးဝင်းကိုကို ၁၂/လမန(နိုင်)၀၀၃၃၅၆ ၏သား မောင်လင်းပြည့်ဖြိုး ၁၂/ဗဟန(နိုင်)၁၀၈၃၃၆ သည်ဖခင်၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကိုတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင် ဦးဝင်းကိုကို ၁၂/လမန(နိုင်)၀၀၃၃၅၆**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၄)လမ်း၊ အမှတ်(၄)နေ ဦးဝင်းလှိုင် (၁၂/လမန(နိုင်)၁၂၈၈၄၅) နှင့် ဒေါ်စွမ်ရောအိ(ခ) ဒေါ်မြမြဝင်း၁၂/ကမတ(နိုင်)၀၄၅၃၈၆တို့၏သား မောင်သီဟအောင် (၁၂/လမန(နိုင်)၁၅၅၆၇၄)သည် မိဘများ၏ ဆိုဆုံးမမှုများကို နာခံခြင်း မရှိသည့်အပြင် မိဘများ ခွင့်မလွှတ်နိုင်သော ကိစ္စရပ်များ၊ စိတ်ဆင်းရဲစေသော ကိစ္စရပ်များ ပြုလုပ်ခဲ့ပါသဖြင့် မောင်သီဟအောင်အား ယနေ့မှစ၍ သားအဖြစ် အပြီးအပိုင် အမွေပြတ် စွန့်လွှတ်ကြောင်းနှင့် နောက်နောင် မောင်သီဟအောင်နှင့် ပတ်သက်သည့် မည်သည့် ကိစ္စအဝဝကိုမဆိုမိသားစုနှင့် သက်ဆိုင်ခြင်းမရှိကြောင်းနှင့် ဦးဝင်းလှိုင်၊ ဒေါ်စွမ်ရောအိ(ခ)ဒေါ်မြမြဝင်းတို့မိသားစုမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်း လုံးဝ၊ လုံးဝ သည်းခံပါ။)**
**ဦးဝင်းလှိုင်–ဒေါ်စွမ်ရောအိ(ခ)ဒေါ်မြမြဝင်း**




## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် – ၅ ၊ နည်းဥပဒေ – ၂၀ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ် တရားမကြီးမှုအမှတ် – ၄၆

ဦးနေမျိုးလွင် **နှင့်** ဒေါ်ခင်အေးသိန်း
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ အုတ်လှငယ်လမ်း၊ အမှတ်–၉၂၈ နေ ဒေါ်ခင်အေးသိန်း (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အိမ်နှင့်မြေ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၉ ရက် (၁၃၈၅ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်ကိုယ့်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကြိုတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိုးမိုးအောင်)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

## မြန်မာတရုတ် ဘယဆေးဆိုင်
## အစုရှယ်ယာရှင်များအား အကြောင်းကြားခြင်း

၁၄–၃–၂၀၂၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် အမှုဆောင်အဖွဲ့မှ ၂၇–၃–၂၀၂၄ရက်တွင် သင်းလုံးကျွတ်အစည်းအဝေးပြုလုပ်ရန် မြန်မာတရုတ် ဘယဆေးဆိုင် အစုရှယ်ယာရှင်များကို ခေါ်ယူခဲ့ပါသည်။ ၂၇–၃–၂၀၂၄ရက်တွင် ကျင်းပသော သင်းလုံးကျွတ်အစည်းအဝေးဆုံးဖြတ်ချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၆) ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် (၆၅၄)ရှိ မြန်မာတရုတ် ဘယဆေးဆိုင်နှင့် ဆေးဆိုင်တည်ရှိရာ (၃)ထပ်တိုက်အဆောက်အအုံကို ရောင်းချရန် ဆုံးဖြတ်ကြပါသည်။ အစည်းအဝေး ဆုံးဖြတ်ချက်အရ အမှုဆောင်အဖွဲ့က ဆောင်ရွက်မည်ဖြစ်ပါကြောင်း အစုရှယ်ယာရှင်များသို့ အကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**မြန်မာတရုတ်ဘယဆေးဆိုင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၁)၊ နေကြာလမ်း၊ မြေကွက်အမှတ်(၈၈၆)၊ (၄၀x၆၀)ပေရှိ မြေချပါမစ်အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးမျိုးသန့် အမည်ပေါက် မြေချပါမစ်မူရင်းနှင့်အတူ အဆက်စပ်စာချုပ်စာတမ်းများဖြင့် လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်သော ဦးဝင်းမြင့်အောင် ၈/စလန(နိုင်)၀၈၀၀၀၇ နှင့် ဒေါ်လွင်လွင်မာ ၈/ခမန(နိုင်)၁၀၈၁၁၇တို့မှ ၎င်းတို့လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ မြေချပါမစ်မူရင်းဖြင့် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်မော်မော်သင်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသိန်းထူး LL.B** — **ဦးဇော်မိုးလွင် LL.B**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၈၁၅) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၅၇၄)**

**ရုံး – ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း–၀၉–၄၄၄၄၃၅၃၅၃၊ ၀၉–၂၅၆၂၈၆၃၉၁**

## မန္တလေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု/တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မြေကြီးလုပ်ငန်း (တူး၊ တင်၊ သယ်၊ ဖြန့်၊ ကြိတ် )အတွက် အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံများကို ၂၆ ဘီလမ်း၊ ၇၀x ၇၁လမ်းကြား၊ ဆည်မြောင်းဥ္မည့်ရိပ်သာ၊ မန္တလေးမြို့တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာ ရယူရမည့်ရက်** - (၁-၄-၂၀၂၄)ရက်မှ (၁၂-၄-၂၀၂၄)ရက်အထိ

(ခ) **တင်ဒါသွင်းရမည့် နောက်ဆုံးရက်/အချိန်** - (၂၂-၄-၂၀၂၄)ရက်၊ (၁၆:၃၀)နာရီ

(ဂ) **တင်ဒါဖွင့်မည့်ရက်** - (၂၅-၄-၂၀၂၄)ရက်(ခန့်မှန်း)

(ဃ) **တင်ဒါဖွင့်မည့်နေရာ** - ၂၆ ဘီလမ်း၊ ၇၀ x ၇၁ လမ်းကြား၊ ဆည်မြောင်းဥ္မည့်ရိပ်သာ၊ မန္တလေးမြို့

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၂-၄၀၃၉၁၈၁၊ ၀၂-၄၀၆၆၀၅၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## မန္တလေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု (ငွေလုံးငွေရင်း)၊ တိုင်းဒေသကြီး(ငွေလုံးငွေရင်း/သာမန်) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဆည်၊ ကန်၊ တာတမံပြုပြင်ထိန်းသိမ်းခြင်းနှင့် ရေနုတ်မြောင်း တူးဖော်ခြင်းစသည့်လုပ်ငန်းများအတွက် လိုအပ်သော ဒီဇယ်ဆီ (၁၅၇၀၀၀)ဂါလန်ခန့်အား (၁-၄-၂၀၂၄) ရက်မှစ၍ မြန်မာ(ကျပ်)ငွေ ဈေးပြိုင်စနစ်ဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများအား ၂၆ ဘီလမ်း၊ ၇၀ x ၇၁ လမ်းကြား၊ ဆည်မြောင်းဥ္မည့်ရိပ်သာ၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တွင် (၁-၄-၂၀၂၄) ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ် သိရှိလိုပါက ဖုန်း- ၀၂-၄၀၃၉၁၈၁၊ ၀၂-၄၀၆၆၀၅၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာ ရယူရမည့်ရက်** - (၁-၄-၂၀၂၄) ရက်မှ (၁၂-၄-၂၀၂၄)ရက်

(ခ) **တင်ဒါသွင်းရမည့် နောက်ဆုံးရက်/အချိန်** - (၂၂-၄-၂၀၂၄)ရက်၊ (၁၆:၃၀)နာရီ

(ဂ) **တင်ဒါဖွင့်မည့်ရက်** - (၂၅-၄-၂၀၂၄)ရက်(ခန့်မှန်း)

(ဃ) **တင်ဒါဖွင့်မည့်နေရာ** - ၂၆ဘီလမ်း၊ ၇၀ x ၇၁လမ်းကြား၊ ဆည်မြောင်းဥ္မည့်ရိပ်သာ၊ မန္တလေးမြို့

**သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်း စဉ်းစားမည် မဟုတ်ပါ။**

**တင်ဒါကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ ကွင်းအမှတ်(၃/၁)၊ ဦးပိုင်အမှတ် (တ-၁၀၉)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်သည် ဒေါ်နန်ခါး ၁/မကန(နိုင်)၀၄၁၉၃၂ အမည်ဖြင့် မြို့မြေစွန်ပြေစာစည်းကြပ်လျက်ရှိပါသည်။ ယခုအခါ ဒေါ်နန်ခါးအမည်ဖြင့် မြေငှားဂရန်(အသစ်) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/50229

ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင်ထွန်း ၇/အတန(နိုင်)၁၅၅၉၈၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ မုဒိတာအိမ်ရာ(၂)၊ ဆန်စက်လမ်းနှင့်ဖန်ချက်လမ်းကြား၊အမှတ်(၈၉၅)၊RC(၈ ၁/၂)ထပ် (Lift ပါ)အဆောက်အအုံ၏အခန်းအမှတ်(2A- 249)၊ (ပထမထပ်)၊ (၂-လွှာ)၊ ဧရိယာ (၆၀၀) စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့် ၎င်းမီနီကွန်ဒို တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ကေသီထွေး၇/ရတန(နိုင်)၀၀၀၈၇၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးထူးဇင်နိုင် ၁၂/အစန(နိုင်)၁၉၅၁၂၆၊ ဒေါ်နှင်းဝတ်ရည်ဦး ၁၂/သကတ(နိုင်)၁၇၇၅၄၃ တို့က အပြီးအပြတ် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးထူးဇင်နိုင် ၊ ဒေါ်နှင်းဝတ်ရည်ဦးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ခိုင်ဝင်း (LL.B),WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ- (စဉ်-၁၅၃၈၈)**
**အမှတ်(၄၆) ၊ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး**

## ဒေါ်သီသီမွန်၏လက်ဝယ်(ထိန်းသိမ်းမှုအောက်)ရှိ စာချုပ်စာတမ်းမူရင်းများကို ဒေါ်အေးအေးမူထံ လက်ရောက်ပေးအပ်ပါရန် အကြောင်းကြားခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်၊ အမှတ်(၆၄)နေ ဒေါ်အေးအေးမူ ၉/အမရ(နိုင်)၀၅၉၆၆၄ (ဘ)ဦးကျော်စိန်၏ လွှဲအပ်ညွှန်ကြားချက်အရ ယခင်ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ (၇)ရပ်ကွက်၊ ကွက်သစ် လမ်း၊ အမှတ်(၈)နေ ဒေါ်သီသီမွန် ၁၂/တမန(နိုင်)၀၅၀၆၁၄ (ဘ) ဦးကျော်စိန် (ယခုနေရပ်လိပ်စာမသိ) အား ဤသတင်းစာ ကြော်ငြာဖြင့် အကြောင်းကြား သိစေအပ်ပါသည်။

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက် အမှတ်(၈၁၅)၊ ဦးပိုင်အမှတ်(၂-ဆ)၊ ဧရိယာ ၀ ဒသမ ၆၄၀ဧကအကျယ်အဝန်းရှိ မြေကို ဒေါ်အေးအေးမူက ဂရန်အမည်ပေါက် ပိုင်ဆိုင်ပါသည်။ မြေ၏ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများကို ဒေါ်အေးအေးမူက အဒေါ်ဖြစ်သူ ဒေါ်ခင်ညွန့်ရီထံ အပ်နှံထားရှိခဲ့ပါသည်။ ဒေါ်ခင်ညွန့်ရီ ကွယ်လွန်သောအခါ ဒေါ်ခင်ညွန့်ရီနှင့် အတူနေသူ ဒေါ်သီသီမွန်က စာချုပ်စာတမ်းမူရင်းများကို လက်ဝယ်ရယူသွားခဲ့ပါသည်။

ထို့နောက်တွင် ဒေါ်သီသီမွန်က ဦးဝင်းနိုင်ပါ(၇)ဦး(ဒေါ်အေးအေးမူ အပါအဝင်)အပေါ် မန္တလေးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် (၅၅၂/၂၀၀၆)ဖြင့် "အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု" စွဲဆိုခဲ့ပါသည်။ အဆိုပါအမှုတွင် ဒေါ်အေးအေးမူ အမည်ပေါက် စာချုပ်စာတမ်းမူရင်းကို ဒေါ်သီသီမွန်က သက်သေခံအဖြစ်တင်သွင်း၍ ဒေါ်အေးအေးမူ အမည်ပေါက်မြေနှင့်မြေပေါ်ရှိ အဆောက်အအုံတို့ကို မိဘများကွယ်လွန်စဉ်ကျန်ရှိခဲ့သည့် အမွေပစ္စည်းဖြစ်ကြောင်း တင်ပြစွဲဆိုခဲ့ပါသည်။

အဆိုပါအမှု၏နောက်ဆုံးအယူခံရုံးဖြစ်သည့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားမအထူးအယူခံမှု အမှတ်(၁၆/၂၀၂၂)အမှုတွင် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်၊ အကွက်(၈၁၅)၊ ဦးပိုင်(၂-ဆ)၊ ဂရန်မြေကွက်သည် "မိဘများသက်ရှိထင်ရှားရှိစဉ်ကပင် ဂရန်စာချုပ်တွင် (၂) တရားပြိုင် ဒေါ်အေးအေးမူ အမည်ပေါက်လျက်ရှိသည်ဖြစ်ပါလျက် ထိုမြေနှင့်မြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်မှာ မိဘများကွယ်လွန်စဉ် ကျန်ရှိသောအမွေပုံပစ္စည်းဖြစ်သည်ဟု ဆုံးဖြတ်ပြီးပဏာမဒီကရီချထားသည်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လက်ခံအတည်ပြုသည်မှာ ဥပဒေနှင့်ညီညွတ်မှန်ကန်မှုမရှိကြောင်း" ဆုံးဖြတ်ပြီး ဒေါ်သီသီမွန် စွဲဆိုသည့်အမှုကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်သည့် အမိန့်ကို (၃-၇-၂၀၂၃)ရက်တွင် ချမှတ်ခဲ့ပါသည်။

မန္တလေးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်(၅၅၂/၂၀၁၆)အမှုတွင် ဒေါ်သီသီမွန်က သက်သေခံအဖြစ် တင်သွင်းထားသည့် အောက်ဖော်ပြပါစာချုပ် စာတမ်း မူရင်းများသည် ဒေါ်အေးအေးမူပိုင်ဆိုင်သည့် စာချုပ်စာတမ်း မူရင်းများ ဖြစ်ပါသည်။

ဒေါ်သီသီမွန်က သက်သေခံစာချုပ်စာတမ်းမူရင်းများကို တရားရုံးအမှုတွဲမှ ပြန်လည်ထုတ်ယူ၍ ဒေါ်အေးအေးမူထံသို့ လက်ရောက်ပေးအပ်ပါရန် ဤသတင်းစာ ကြော်ငြာဖြင့် အကြောင်းကြားတောင်းဆိုပါသည်။

လက်ရောက်ပေးအပ်ရန်တောင်းဆိုသည့် စာချုပ်စာတမ်းမူရင်းများမှာ-

(၁) (၂၄-၆-၇၇) ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်မူရင်း(သက်သေခံ-ခ)

(၂) (၂၂-၁၀-၈၅)ရက်စွဲပါ မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်(၃၉၁/၈၈)မူရင်း(သက်သေခံ-ဂ)

(၃) ဒေါ်အေးအေးမူအမည်ပေါက်ဂရန်စာချုပ်အမှတ်(၁၁၈၈/ ၉၅-၉၆)မူရင်း (သက်သေခံ-ဃ)

(၄) ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၈၁၅)၊ ဦးပိုင်အမှတ်(၂-ဆ)၊ ဒေါ်အေးအေးမူအမည်ပေါက်မြေပုံမြေရာဇဝင်မူရင်းများ (သက်သေခံ-င၊ သက်သေခံ- င-၁)

(၅) (၂၂-၇-၈၇)ရက်စွဲပါ အခွန်ဦးစီးဌာနသို့ ပေးပို့ခဲ့သည့်စာမူရင်း (သက်သေခံ-စ)

(၆) ကိုယ်စားလှယ်လွှဲစာမူရင်း(သက်သေခံ-စ-၁)

(၇) (၆-၁၁-၈၆)ရက်စွဲပါ အချင်းဖြစ်ဂရန်မြေ၏ တစ်စိတ်တစ်ဒေသကို မိဘများရှိစဉ်က မိဘများနှင့် အတူဒေါ်အေးအေးမူတို့ (၃)ဦးက လက်မှတ်ရေးထိုးရောင်းချခဲ့သော ဂရန်စာချုပ်မူရင်း (သက်သေခံ-ဆ)

သို့ပါ၍ ဤအကြောင်းကြားစာပါရှိသည့်ရက်မှ (၁၀)ရက်အတွင်း ဒေါ်အေးအေးမူထံ အထက်ဖော်ပြပါစာချုပ်စာတမ်းမူရင်းများကို လက်ရောက် ပေးအပ်ပါရန် အသိပေးအကြောင်းကြားပါသည်။ ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်သီသီမွန်ထံ အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်အေးအေးမူ (ဘ) ဦးကျော်စိန်**
**အမှတ်(၆၄)၊ အိုးတော်ရပ်၊**
**အမရပူရမြို့ နယ်၊ မန္တလေးမြို့**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းယုလှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၈၅၅/၂၂-၁၁-၂၀၁၂)**
**ပေါက်ပေါက်တန်းရပ်၊ ကျန်တန်းရပ်ကွက်၊**
**အမရပူရမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၇၉၂၈၂၈၆၁၁၊ ၀၉-၄၄၁၀၁၈၂၂၄**

## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများအား အောက်ဖော်ပြပါအတိုင်း တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - (၃-၄-၂၀၂၄)ရက်မှ (၂၅-၄-၂၀၂၄)ရက်အထိ (ရုံးချိန်အတွင်း)

(ခ) **လျှောက်လွှာ တင်သွင်းရမည့်ရက်** - (၂၆-၄-၂၀၂၄)ရက်၊(ရုံးချိန်အတွင်း)

(ဂ) **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** - ထပ်မံကြေညာပါမည်

၂။ တင်ဒါလျှောက်လွှာပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့်ပတ်သက်၍ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး(၆၆)လမ်း၊ (၁၆x၁၉)လမ်းကြား၊ အောင်မြေသာစံ မြို့နယ်တွင် ဝယ်ယူတင်သွင်းရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၉-၂၅၉၀၄၇၂၉၈၊ ၀၉-၆၆၃၅၆၃၁၂၅ တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## တံဆိပ်အမည်အမှတ်အသားအား မှတ်ပုံတင်သွင်းလျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း




